ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်

လုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရေး
နှီးနှောဖလှယ်ပွဲ

(၁၉၅၉-ခု အောက်တိုဘာလ ၂၄-ရက်)

ဖဆပလ အဖွဲ့ချုပ် ဝါဒနှင့်လုပ်ငန်းစဉ်
သဘောထား

[illegible]ရေးအခန်း

ပညာရေးနှင့် ပြည်ထောင်စုယဉ်ကျေးမှုကဏ္ဍ
ဖဆပလ အဖွဲ့ချုပ်၊ အလုပ်အမှုဆောင် ဦးထွန်းတင်
ဆွေးနွေးတင်ပြပါသည်။

ဖဆပလ အဖွဲ့ချုပ်၏ ဝါဒနှင့်လုပ်ငန်းစဉ်

သဘောတရား

လူမှုရေးအခန်း

ပညာရေးနှင့်ပြည်ထောင်စုယဉ်ကျေးမှုဌာန

ဒီနေ့ဆွေးနွေးရမည့် အခန်းကတော့ လူမှုရေးအခန်းထဲမှာ ပါဝင်တဲ့ပညာရေးကဏ္ဍနှင့် ပြည်ထောင်စု ယဉ်ကျေးမှုကဏ္ဍ အပိုင်းနှစ်ပိုင်းဖြစ်ပါတယ်။ ဒီလို ဆွေးနွေးတဲ့နေရာမှာ တိုင်းပြည်လူထုရဲ့ ဆန္ဒ၊ အကြံဉာဏ်တို့ကို စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်အောင် တဦးချင်းအလိုက်ရော၊ အသင်းအဖွဲ့အလိုက်ရော ဘိတ်မန္တကပြုချက်ကို လက်ခံပြီး တက်ရောက်အားပေးချီးမြှင့်ကြတဲ့ အသင်းအဖွဲ့နှင့်ပုဂ္ဂိုလ်အသီးသီးတို့အား ကျေးဇူးဥပကာရအထူးတင်ရှိပါတယ်။ဒါကြောင့် ယခုလို ဖဆပလအဖွဲ့ချုပ်ကြီးရဲ့ လုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရေး နှီးနှောဖလှယ်ပွဲကြီးနဲ့ ကြုံကြိုက်လို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနှင့် ပညာရှင်ကြီးများတို့ဟာ တိုင်းပြည်လူထုကြီးတရပ်လုံး အကျိုးရှိမည့် အကြံကောင်း၊ ဉာဏ်ကောင်းများကို လွတ်လွတ်လပ်လပ် ပြည့်ပြည့်စုံစုံ အားပေးကြပါလို့ ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်။

ပညာရေးဆိုတာရပ်တန့်နေသည်မရှိ၊ နိုင်ငံတော်ရဲ့ စီးပွားရေ အခြေအနေ၊ လူမှုရေးအခြေအနေနှင့် ဆက်စပ်နေသဖြင့်

စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေအမျိုးမျိုးပြောင်းလဲသည်နှင့်အမျှ ပညာရေးမှာလည်း အခြေအနေကို လိုက်၍ပြောင်းလဲပေးရမည်မှာ လောကထုံးတမ်းစဉ်လာပင် ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာ ကြည့်လို့ရှိရင် ကိုယ့်ပညာရေး ပြဿနာနဲ့ ကိုယ်အမြဲရှိနေတာကို တွေ့ရပါတယ်။ထို့အတူ မြန်မာနိုင်ငံတော်မှာလည်း ပညာရေးပြဿနာများ မကင်းရှင်းနိုင်ပါ။ဒီလိုမလွဲမရှောင်သာဘဲ ရင်ဆိုင်နေရတဲ့ပြဿနာများကို လေးနှင့်မျှား၊ ဝန်နှင့်အား၊ မျှတအောင် ဖြေရှင်းပေးဘို့ စီမံကိန်းများရေးဆွဲပြီး ရုပ်လုံးဖေါ်ပေးရပါတယ်။

မြန်မာနိုင်ငံတော်မှာ အခြားသော အာရှနိုင်ငံများကဲ့သို့ နိုင်ငံခြားသားများ၏ အုပ်ချုပ်မှုအောက်တွင် စာပေပညာကိုသာ ဦးစားပေး သင်ကြားတဲ့စံနစ်ကြီး အမြစ်တွယ်နေခဲ့ပါတယ်။ ထိုစံနစ်ဟောင်းကြီးကို ခေတ်နှင့်လျော်ညီစွာ တိုးတက်ကောင်းမွန်အောင်ပြုပြင်၍ နိုင်ငံတော်မှာ အထူးလိုအပ်နေတဲ့ စက်မှုလက်မှုပညာရပ်များနှင့် ခေတ်မှီတဲ့စိုက်ပျိုးရေး ပညာရပ်များတွင် ကျွမ်းကျင်တဲ့လူတော်လူကောင်းများ လုံလောက်စွာ မွေးထုတ်ရန်နှင့် ကူးသန်းရောင်းဝယ်ရေး၊ အုပ်ချုပ်ရေးစတဲ့ ပညာရပ်များအသီးသီး တိုးတက်ထွန်းကား ဖွံ့ဖြိုးလာရန် အဓိကရည်မှန်း၍ စီမံဆောင်ရွက်သွားရပါမယ်။

စီးပွားရေးနဲ့ ပညာရေး ဆက်စပ်ပုံ။

စောစောက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ပညာရေးဟာနိုင်ငံရဲ့စီးပွားရေး၊ လူမှုရေးနဲ့ အမြဲတန်းအံကျနေရပါမယ်။ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသလို တခုကိုတခု အမှီသဟဲပြုနေရပါတယ်။ ပညာရေးစံနစ်ဟာ နိုင်ငံရဲ့စီးပွားရေးအဆောက်အဦ၊ လူမှုရေးအဆောက်အဦရဲ့ အခြေခံအုဋ္ဌ်မြစ်သဘွယ် ဖြစ်စေဘို့ လိုပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးရည်မှန်းချက် ထမြောက်စေရန် နည်းပေးလမ်းပြလည်း ဖြစ်ရပါမယ်။

အများ သိကြတဲ့အတိုင်းပါဘဲ၊ ဖဆပလ အဖွဲ့ချုပ်ကြီးရဲ့နောက်ဆုံးမြှော်မှန်းချက် စီးပွားရေးပန်းတိုင်ဟာ၊

(၁) မြေပေါ်မြေအောက်ရှိ ပစ္စည်းတွေကို လူသုံးပစ္စည်းများအဖြစ်နဲ့ ပေါများလာအောင်ပြုလုပ်ရေး၊

(၂) ဤကဲ့သို့ စားကုန်သောက်ကုန် လူသုံးပစ္စည်းများ စားမကုန် သောက်မခန်း ပေါများလာသောအခါ တိုင်းပြည် လူထု တရပ် လုံး အကျိုးခံစားခွင့်ရှိနိုင်အောင် ပြုလုပ်ရေးနဲ့၊

(၃) တိုင်းပြည်တပြည်လုံး၏ လူနေမှုအဆင့်အတန်း မြင့်လာအောင် ပြုလုပ်ရေးတို့ဘဲဖြစ်ပါတယ်။

အချုပ်ဆိုတော့ ဆိုရှယ်လစ်လောကကြီးကို အဆင့်ဆင့် ထူထောင်သွားရန်ဘဲဖြစ်ပါတယ်။

စီးပွားရေးစံနစ်နှင့် ပညာရေးစံနစ်တို့ ဆက်စပ်နေပုံကို ဥပမာ ပြရမယ်ဆိုရင် ဗြိတိသျှခေတ်တုန်းက မြေပေါ်မြေအောက်ရှိ နိုင်ငံတော်ရဲ့ သဘာဝကြွယ်ဝမှုတို့ကို ၎င်းတို့လက်တွင်းသာ ထားလိုကြတော့ တိုင်းပြည်ရဲ့စီးပွားရေး ထွန်းကားမှုအတွက် အထောက်အပံ့ ဖြစ်စေမည့် ပညာများကို သင်ကြားမပေးခဲ့ဘူး၊ မြေပေါ်မြေအောက်ပစ္စည်းများမည်သို့ပင်ကြွယ်ဝစေကာမူ တိုင်းရင်းသားများမှာ ကြောမွဲဘဝနဲ့ဘဲ နေခဲ့ကြရပါတယ်။ ဗြိတိသျှတို့အလိုရှိတာကတော့ မြန်နိုင်ငံတော်ရဲ့ အုပ်

ချုပ်ရေးစက်ယန္တရားကြီးကို လှည့်လည်ရန်ဖြစ်လေတော့အုပ်ချုပ်ရေးအတွက် အသုံးပြုလို့ရရုံလောက်ရည်ရွယ်ချက်ဖြင့် စာပေဘက်ဆိုင်ရာ ပညာကိုသာ အလေးပေး သင်ကြားခဲ့တာကို အားလုံးအသိဘဲဖြစ်ပါတယ်။

ယခုတော့နိုင်ငံတော်အတွက်လိုအပ်တဲ့ပညာရေးဟာ ဗြိတ်သျှခေတ်တုန်းကလို စာပေသက်သက်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး တိုးတက်မှုအတွက် အထောက်အပံ့ ပြုနိုင်ရန် ရည်ရွယ်ရပါမယ်။

ဒီလိုနိုင်ငံရဲ့ကြီးပွားတိုးတက်မှုအတွက် ကြိုးပမ်းရာမယ် စက်ရုံတွေကိုအရင်တည်ဆောက်ရမလား၊ကျောင်းတွေကိုအရင်ဖွင့်ပေးရမလားဆိုတာကို [illegible]ဖြစ်ကြပါတယ်။ အမှန်ဆိုတော့နိုင်ငံရဲ့ကြီးပွားရေးအတွက်စက်ရုံတွေလဲလိုတယ်၊ကျောင်းတွေလဲလိုတယ်၊ စက်ရုံဖွင့်ပြန်လျှင်လဲ အဲဒီစက်ရုံအတွက် ကျွမ်းကျင်တဲ့အလုပ်သမားတွေ၊စက်ဆရာတွေ၊အင်ဂျင်နီယာတွေလိုတယ် အဲ့ဒီစက်ရုံအတွက် ကျွမ်းကျင်တဲ့အလုပ်သမားတွေ စက်ဆရာတွေ၊အင်ဂျင်နီယာတွေ ဘယ်ကရမလဲ၊ကျောင်းတွေကဘဲ မွေးထုတ်ရပါမယ်။အဲဒီတော့ စက်ရုံကြီးတွေရော၊ကျောင်းတွေရော တပြိုင်နက် တည်ဆောက်ပေးရပါလိမ့်မယ်။ ဒါဟာဘာကိုပြသလဲဆိုတော့ နိုင်ငံတော်ရဲ့စက်မှုလက်မှုစီးပွားရေးလုပ်ငန်းများဟာ နိုင်ငံတော်ရဲ့ ပညာရေးနဲ့ တသားတည်း နေရမယ်ဆိုဒါကို ပြပါတယ်။စက်ရုံကြီးများတည်ဆောက်တဲ့နေရာမှာ အရင်းငွေနဲ့ စက်ရုံအတွက် ကုန်ပစ္စည်းများရှိက ဖြစ်နိုင်သော်လဲ ၎င်းစက်ရုံအတွက် ကျွမ်းကျင်တဲ့ပညာရှင်၊အလုပ်သမားများဖြစ်တဲ့

“လူ”မရရှိက ထမြောက်ဘို့ရာ ခဲယဉ်းပါတယ်။ ဒီလို ကြည့်ရင်တော့လဲ ကျွမ်း ကျင် တဲ့ ပညာရှင်တွေ မွေး ထုတ် ပေးရမဲ့ ကျောင်းတွေကို အရင်တည်ဆောက်ရန်လိုတယ်လို့ ပြောနိုင်ပါတယ်။ ဒီအချက်ဟာ “လူ”ကို ရှေးဦးစွာ သင်ကြားပြုပြင်ပေးဘို့အရေးကြီးတာကိုပြပါတယ်။ “လူ”ကို ပြုပြင်ရန်မှာ အခြားနည်းလမ်းမရှိပါဘူး၊ ပညာပေးရေးပင်ဖြစ်ပါတယ်။

“ဆိပ်ကမ်း ကျွန်း သောင် ရှိလင့်ကစား၊ ရေမရှိတဲ့မြစ်လို အမျိုးစည်းစိမ် ဂုဏ်ရှိန်ရောင်ဝါရှိလင့်ကစား၊အတတ်ပညာမရှိတဲ့ပုဂ္ဂိုလ်လို”တင့်တယ်တွယ်ရာမရှိနိုင်တဲ့သကဲ့သို့ နိုင်ငံတော်ရဲ့ လူမျိုးမြှင့်တင်ပေးရေးတွင် ပညာပေးမှုသည် အခြေခံအချက်မြစ် ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အခြား စီးပွားရေးရည်မှန်းချက်တခုကတော့ ခေတ်မှီတဲ့စိုက်ပျိုးရေးကို တည်ထောင်ပေးရန် ဖြစ်ပါတယ်။ တနေ့က ဒီနှီးနှောဖလှယ်ပွဲမှာ ခေတ်မှီတဲ့စိုက်ပျိုးရေးအကြောင်းကို သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်ကရှင်းပြသွားပါပြီ၊ ကျွန်တော် ထပ်ပြီး မပြောတော့ပါဘူး။

ဒီလိုခေတ်မှီတဲ့စိုက်ပျိုးရေးကို ရည်မှန်းရင် ပညာရေးစံနှုန်းကလဲ ထိုရည်မှန်းချက်ကို အထောက်အပံ့ပြုမည့်စံနစ် ဖြစ်ရပါမယ်။ ထိုအဆင့်အတန်းရောက်အောင် မည်မျှပညာအခြေခံ ထားတယ်ဆိုတာကို ခန့်မှန်းနိုင်ရပါမယ်၊ သင်ရိုးညွှန်းတမ်းများမှာလဲ အတန်းအလိုက်ထည့်ပေးရပါမယ်။ရှေးကပညာရေးစံနစ်အတိုင်း ဆိုရင် အထက်ပါရည်မှန်းချက်နှင့် မကိုက်ညီတာကို တွေ့ရပါတယ်။

ပညာသင်ကြားရေးတွင် အခွင့်အရေးတန်းတူပေးရေး။

လူတိုင်းလူတိုင်း၌ စွမ်းရည်ရှိတာကို ယုံကြည်ပါတယ်။ သို့သော် အချို့သောလူများမှာ ၎င်း၌ရှိတဲ့စွမ်းရည်သတ္တိကို ဖွံ့ဖြိုးအောင် ပြုလုပ်ရန်အခွင့်အရေး မရခဲ့ကြတော့ စွမ်းရည်သတ္တိရှိသမျှ မထွန်းကားကြရတာကို တွေ့ရပါတယ်။ တနည်းဆိုသော် ၎င်းပုဂ္ဂိုလ်အတွက် နိုင်ငံတော်၌ ဆုံးရှုံးမှုတရပ် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်တွင် ဤကဲ့သို့ဆုံးရှုံးမှုများတတ်နိုင်သမျှ မပြောက်သွားနိုင်စေရအောင် ပညာသင်ကြားရေး အဆင့်ဆင့်တွင်ပညာသင်ကြားရေး အခွင့်အရေးကို တန်းတူပေးရန် ဖြစ်ပါတယ်။

လူ၏စွမ်းရည်နှင့်ပညာရေး။

ပညာသင်ကြားရေးစံနစ်တွင် လူတယောက်စီ၏ စွမ်းရည်၊ စွမ်းဆောင်နိုင်သော အရည်အချင်း ၎င်း၏ပါရမီ၊ ဝါသနာဘာဂီတို့ကိုလဲနိုင်ငံတော်၏စွမ်းအားလိုအင်တို့ကိုထောက်ရှုပြီး ထိပ်တန်းကထား၍ တိုးတက်နိုင်စေမည့်အခွင့်အရေးများပေးရန် လိုအပ်တာကို အသိအမှတ်ပြုရပါမယ်။ လူတဦးတယောက်ဟာ မိမိရဲ့စွမ်းရည်၊ ပညာပါရမီ၊ ဝါသနာဘာဂီအလျောက် မိမိ၏စွမ်းအားရှိသမျှတိုးတက်အောင် ကြိုးပမ်းနိုင်ပြီး ၎င်း၏စွမ်းရည်အရ အများပြည်သူလူထုအတွက် ကောင်းစားအောင် ပြုလုပ်နိုင်ရန်အခွင့်အလမ်းများကိုလဲ ပေးထားရန်လိုအပ်သည်ကို အသိအမှတ်ပြုရပါတယ်။သို့မှသာလျှင် လူ၏စွမ်းရည် တိုင်းပြည်၏လိုအင် တထပ်တည်းကျပြီး နိုင်ငံကြီးပွားချမ်းသာနိုင်ပါတယ်။ ယခုလိုအပ်တဲ့ ပညာရေးရဲ့ရည်မှန်းချက်ဟာ ဒီအတိုင်းဘဲဖြစ်ရပါမယ်။

အစီရင်ခံပြီး အချက်များပေါ်မှာမူတည်၍ ပြောရမယ်ဆိုရင် ပညာရေးဆိုတာ

(၁) ကျောင်းသူ၊ ကျောင်းသားများ၏ အသက်၊ စွမ်းရည်၊ ပညာပါရမီ၊ ဝါသနာဘာဂီ လိုအင်ဆန္ဒများအလျောက် ပညာလိုက်စားနိုင်ရန် အခွင့်အလမ်းများရှိရမယ်။

(၂) နိုင်ငံတော်၏စီးပွားရေး၊ စီးပွားရေးတွင် အပါအဝင်ဖြစ်တဲ့ လက်မှုစက်မှုလုပ်ငန်း၊ ခေတ်မှီစိုက်ပျိုးရေးလုပ်ငန်း၊ ၎င်း၏လူမှုရေးရည်မှန်းချက်များကို အထောက်အပံ့ဖြစ်စေရမယ်။

(၃) နိုင်ငံတော်ရဲ့ပညာရေးမှာ အယုတ်အလတ် ဆင်းရဲချမ်းသာမရွေး ကျောင်းသား၊ ကျောင်းသူတိုင်း မိမိတို့၏ ပညာစွမ်းရည်ရှိသမျှ ပညာသင်ကြားနိုင်ရန် အခွင့်အရေးတန်းတူပေးရမယ်။

(၄) ကျောင်းသူကျောင်းသားများ၏ အသက်အပိုင်းအခြားအလိုက် သင်ကြားရန်ရှိသော ပညာရပ်များကို မိမိရရ သင်ကြားနိုင်ရန် ကျောင်းများ သင်ရိုးညွှန်းတမ်းများ ကျောင်းသုံးစာအုပ်စသည်တို့ကို စီမံခန့်ခွဲပေးရမယ်။

တဘက်မှာ ဒီအချက်ကြီးတွေကို နောက်ခံကားသဘွယ်ထား၍ တဘက်မှာ ယခုလက်ရှိ ပညာရေး အခြေအနေကို

ထောက်ရှုပြီး ရှေ့တွင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွား သင့်သည်ကို တင်ပြပါမယ်။

လက်ရှိပညာရေး အခြေအနေ။

၁၉၅၂-၅၆-ခုနှစ်အတွက် ရေးဆွဲသော ပထမပညာရေး လေးနှစ်စီမံကိန်းမှာ အောက်ပါမူ ငါးချက်ကို အခြေပြု၍ တိုင်းပြည်လူထုရဲ့ဆန္ဒနှင့် ကိုက်ညီစေရန် "ကျောင်းဦးရေ တိုးချဲ့မှု" ကို အထူးအလေးပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။

(၁) ပြည်ထောင်စုသားမှန်သမျှ အရေး အဖတ် အတွက် နားလည်သူများဖြစ်လာစေရန်၊

(၂) လိုအပ်သော စက်မှုလက်မှု လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်း သား အလုံအလောက် ပေါ်ပေါက်လာစေရန်၊

(၃) ပြည်ထောင်စုတာဝန် အသီးသီးကို ကျွမ်းကျင် လုံလောက်စွာထမ်းဆောင်နိုင်မည့် အရည်အချင်းပြည့်ဝသူများဖြစ်လာစေရန်၊

(၄) ပြည်ထောင်စုအတွင်း စာမတတ်မှုနည်းပါးသွား၍ ဗလငါးတန်နှင့် ပြည့်စုံသော ပြည်ထောင်စုသား များပေါ်များလာစေရန်၊

(၅) ပြည်ထောင်စုအတွင်း ဒီမိုကရေစီဝါဒကြီးတည်တံ့ ခိုင်မြဲစေရန်

၁၉၅၆-၆၀-ခုနှစ်အတွက် ရေးဆွဲသော ဒုတိယပညာရေး လေးနှစ်စီမံကိန်းမှာ ထိုအချိန်အခါမှာ ရောက်ရှိပြီး အခြေအ

နေအရပ်ရပ်တို့ကိုသုံးသပ်၍ တဘက်တွင် "ကျောင်းဦးရေ တိုးချဲ့မှု" လမ်းစဉ် တဘက်တွင် "ပညာရည်တိုးတက်မှု" လမ်းစဉ် များအရ တက်လှမ်းနိုင်ရန် အောက်ပါအချက်(၇)ချက်ပါ စီမံကိန်းတရပ်ကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်၊

(၁) ကျောင်း ဆ ရာ များ ၏ ပညာအရည်အချင်း ဂုဏ်သိက္ခာကိုမြှင့်တင်ပေးရန်၊

(၂) သင်ရိုးညွှန်းတမ်း မာတိကာကို ခေတ်နှင့်လျော်ညီအောင်ပြုပြင်ပေးရန်၊

(၃) ကျောင်းသုံး စာအုပ် ကောင်း များ ကျောင်း သူ/ ကျောင်းသားတိုင်း လက်တွင်းရောက်အောင် စီစဉ်ပေးရန်၊

(၄) ကျောင်းသူ/ကျောင်းသားများ စည်းကမ်းသေဝပ် ရေးအတွက် စီစဉ်ပေးရန်၊

(၅) ကျောင်းအဆောက်အဦ၊ ကျောင်းသုံးပရိဘောဂ နှင့် စာသင်ကိရိယာများ လုံလောက်အောင် စီစဉ် ပေးရန်၊

(၆) တဘက်သိုလ် တလမ်းသွားပညာရေးမှ စက်မှုလက်မှု စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်း ပညာ ရေးဘက်သို့ လမ်းပြောင်းပေးရန်၊

(၇) ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရာတွင် သဘာဝလည်း ကျ၊ တအားလည်းမျှတသော စံနစ်တရပ် တီထွင်ရန်၊

ငှင်းစံနစ်အရ ကျောင်းသစ်များကို တိုးချဲ့၍ ဖွင့်လှစ်ပေးရန်၊

ထိုစီမံကိန်း (၂) ရပ်အရ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပြီးကြောင်း တွေ့ရှိရပါတယ်။

(၁) ရိုးရိုးစာသင်ကျောင်းများ ။

မူလတန်းကျောင်းပေါင်း ၁၁,၁၅၇-ကျောင်း၊ အလယ်တန်းကျောင်းပေါင်း ၅၀၇-ကျောင်းနှင့် အထက်တန်းကျောင်းပေါင်း ၂၇၁-ကျောင်း ဖွင့်ပြီးဖြစ်ပါတယ်။

(၂) အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်းများ။

ဆရာအတတ်သင်ကျောင်း(၆)ကျောင်း၊ လက်မှုစက်မှုသိပ္ပံကျောင်း၊ (၂)ကျောင်း၊ စက်မှုလက်မှုပညာသင်အထက်တန်းကျောင်း (၁) ကျောင်း၊ စက်မှုလက်မှု အတတ်သင်ကျောင်း (၂)ကျောင်း၊ လက်မှုပညာသင်ကျောင်း(၁)ကျောင်း၊ စိုက်ပျိုးရေး အထက်တန်းကျောင်း(၂)ကျောင်း၊ စိုက်ပျိုးရေးအလယ်တန်းကျောင်း(၂)ကျောင်းနှင့် စိုက်ပျိုးရေးသင်္ပုံကျောင်း (၁)ကျောင်း ဖွင့်ပြီးဖြစ်ပါတယ်။

(၃) တက္ကသိုလ်အဆင့် တတ်ကျွမ်းမှုပညာရပ်များ (Professional Courses)

အင်ဂျင်နီယာသိပ္ပံကျောင်းကြီးကို ဆောက်လုပ်ပြီး သတ္တုတွင်းတူး အင်ဂျင်နီယာ၊ အထည်အဝတ်ဘက်ဆိုင်ရာ အင်ဂျင်နီယာ၊ ဓာတုဗေဒဘက် ဆိုင်ရာ အင်ဂျင်နီယာ၊ ကျန်းမာရေးဆိုင်ရာ အင်ဂျင်နီယာ စသောသင်တန်းများကို ဖွင့်ပြီးဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စီမံကိန်း(၂)ရပ်အရ ပြီးခဲ့တဲ့လုပ်ငန်းများကို ပြန်လှန်စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ဝေဘန်ခြင်း၊ အောင်မြင်မှုနှင့် တကွ ပျက်ကွက်မှု၊ လစ်ဟင်းမှု၊ ချို့တဲ့မှုအခက်အခဲရှိမှု ပြဿနာအရပ်ရပ်များကိုပါ အသေးစိတ် လေ့လာပြီးလျှင် ရှေ့တွင် အောက်ပါအတိုင်း (၃) ပိုင်းပိုင်း၍ ဇောက်ချပြီး ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

(၁) ပထမလမ်းတသွယ်မှာ ဆောင်ရွက်ခဲ့ပြီးတဲ့ လုပ်ငန်းများကို တည်မြဲခိုင်ခန့်စေအောင် ဆောင်ရွက်ရန် ရည်ရွယ်ပါတယ်။

(၂) ဒုတိယလမ်းတသွယ်မှာ နိုင်ငံတော်လူထု၏ ပညာရေး၌ လိုအပ်သည်ကိုထောက်ရှု၍၎င်း၊ နိုင်ငံတော်၏ စွမ်းအားကို ထောက်ရှု၍၎င်း "ကျောင်းဦးရေ တိုးချဲ့မှု"ကို စံနစ်တကျဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

(၃) တဘိသအပိုင်းမှာနိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးတို့ကိုချိန်ဆပြီး အရည်အချင်း တိုးတက်မှု လမ်းစဉ်ကိုဘက်လှမ်းရန် ရည်ရွယ်ပါတယ်။

ထိုအပိုင်း(၃)ပိုင်းကို တကြိမ်တည်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

အမြိတန်း ပြည့်ထောင်စုပညာရေးကောင်စီ

နိုင်ငံတော်တွင် ပညာရေးနှင့် စပ်လျဉ်းပြီး ကော်မီတီ

မြောက်မြားစွာ ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းကော်မီတီတွေက အစီရင်ခံစာများ တင်သွင်းကြပါတယ်။ ပညာရေးဟာ အမြဲတမ်း ရပ်တန့်မနေဘူးဆိုတာကို ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လူမှုနေထိုင်ရေးအဆင့်အတန်း အလိုက် ပြောင်းလဲ ပြုပြင်ပေးရပါတယ်။ ဒါကြောင့် ယခင် ပညာရေးကော်မီတီများ၏ အစီရင်ခံစာများထဲမှ ကောင်းနိုးရာရာအကြံပေးချက်များကို ပြန်လည်သုံးသပ်ပြီး အချိန်အခါ နှင့် လျော်ညီသောအချက်များကို အကောင်အထည်ဖော်ရန် သော်၎င်း၊ ယခင်ဆောင်ရွက်ခဲ့သော ပညာရေးစီမံကိန်းများမှ ပေါ်ပေါက်လာသော ပြဿနာများကို သုံးသပ်၍ ၎င်းတို့ကို ဖြေရှင်းပေးရန်သော်၎င်း၊ အမြဲတန်း ပြည်ထောင်စုပညာရေး ကောင်စီတခု ဖွဲ့စည်းရန်ရည်ရွယ်ပါတယ်။

ပညာရေးတိုးတက်ကောင်းမွန်အောင် ခြုံပြီး ပြုပြင်သွားမည့်လမ်းစဉ်များကို ဖော်ပြပြီး ပညာရေးအဆင့်ဆင့်တွင် မည်သို့ဆောင်ရွက်ရန် ရည်ရွယ်တယ်ဆိုတာကို ဆက်လက် အစီရင်ခံပါမယ်။

(က) မူလတန်းပညာအဆင့်။

၁။ မူလတန်းပညာသည် ဒီမိုကရေစီဝါဒ၏ အုတ်မြစ်ကြီး ဖြစ်၍၎င်း၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာများ၏ ရေသောက်မြစ်တွယ်ရာအဆင့်ဖြစ်နေ၍၎င်း၊ ၈၆%သောကျောင်းသားထုမှာ မူလတန်းပညာနှင့်သာ ကျောင်းထွက်သွားတတ်ကြသဖြင့်၎င်း၊ မူလတန်းပညာရေးမှာ နိုင်ငံတော်ရဲ့ အလင်း

ရောင်ပေးရာ အခြေခံဖြစ်နေပါ၍ ၎င်းပညာရေးအဆင့်တွင် အဘက်ဘက်၌ သိသိသာသာ တိုးတက်ကောင်းမွန်အောင် ဦးစားပေး ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

၂။ မြန်မာထုံးတမ်းစဉ်လာ မြန်မာ့ယဉ်ကျေးမှု တိုးတက်တည်မြဲခိုင်ခန့်စေရန် တိုးချဲ့မှုလမ်းစဉ်အရ ပြည်ထောင်စု မူလတန်းပညာရေးစံနစ်ကို ဖြစ်နိုင်သမျှ ဘုန်းတော်ကြီး ကျောင်းများနှင့်ဟပ်ပြီး အခြေခံတည်ဆောက်ရန် ရည်ရွယ်ပါတယ်။

၃။ မူလတန်းကျောင်းများသည် ရပ်ရွာ၏ "ပညာပေးဗဟိုဌာန" (Community Education Centre) ဖြစ်သွားအောင် စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

၄။ မူလတန်းပညာသည် ရပ်ရွာတွင် ထွန်းကားသောစက်မှုလက်မှု၊ စိုက်ပျိုးရေးနှင့် အခြား အသက်မွေးဝမ်းကျောင်း ပညာများနှင့်တသားတည်းဖြစ်နေအောင် ဖန်တီးပေးရန် ရည်ရွယ်ပါတယ်။

၅။ ပညာသင်ကြားမှုတွင် တန်းတူအခွင့်အရေးပေးရမည် ဟူသောလမ်းစဉ်အရ မူလတန်းကျောင်းများတွင် ပညာရည်ထူးချွန်သော ကျောင်းသားများကို ပညာသင်ဆု၊ ထောက်ပံ့ကြေးဆုများ လုံလုံလောက်လောက်ပေး၍ အထက်တန်း ပညာရပ်များကို မကြောင့်မကြ ဆက်လက်သင်ကြားနိုင်စေရန် စီစဉ်မှုများပြုလုပ်ပေးရန် ရည်ရွယ်ပါတယ်။(သို့မှသာနိုင်ငံတော်မှာ ပညာ ဆုံးရှုံးမှုများ နည်းပါး၍ ပညာရည် ထူးချွန်သော ကျောင်းသားများ ၎င်းတို့၏ ပညာပါရမီအရ နိုင်ငံတော်အကျိုးဆောင်ရွက်နိုင်ပေမယ်။)

၆။ အသက် ၆-နှစ်နှင့် ၁၁-နှစ်အတွင်းကလေးများ မည်သူမဆို မူလတန်းပညာ မသင်မနေရ ဥ ပ ဒေ ပြု လုပ် နိုင် ရန် အောက်ပါအစီအစဉ်များကို အဆင့်ဆင့် ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

(က) တရွာလျှင် မူလတန်း တကျောင်းကျစီ ဖွင့် ရန်၊ သို့ မဟုတ်၊ ၆=နှစ်မှ ၁၁-နှစ်အတွင်းကလေးများ မိမိတို့ ဘာသာကျောင်းသို့ လမ်းလျှောက်သွားနိုင်မည့် ခရီး အတွင်း၊ မူလတန်းကျောင်း တကျောင်းစီဖွင့်ရန်။

(ခ) မူလတန်းကျောင်းဖွင့်ပြီး ကျောင်းများတွင်၊ (၁) ကျောင်းသား မိဘများ၏ အလို ဆန္ဒ အလျောက် စာရင်းသွင်းရန်နှင့် (၂)ကျောင်းစာရင်း သွင်းပြီး က ကျောင်းမတက်ဘဲ မနေစေရန် ဥပဒေ ထား ရှိရန်။

(voluntary enrolment and compulsory attendance)

(ဂ) အထက်ပါ (ခ)တွင် စမ်းသတ်မှု အောင်မြင်ပါက၊ ထိုရပ်ရွာ အတွက်၊ မူလတန်းပညာ မသင်မနေရ ဥပဒေစတင်ပြုလုပ်ရန်။

(ဃ) ဤနည်းအားဖြင့်၊ပြည်ထောင်စုတခုလုံးတွင်၊အခမဲ့ မူလတန်းပညာ မသင်မနေရ စံနစ်နှင့် ဥပဒေစတင် ပြုလုပ်ရန်။

၇။ မူလတန်းဆရာ၊ အလယ်တန်းဆရာ=ဟူ၍ ခွဲခြားမှုမရှိတော့ဘဲ၊ ဆရာ တတန်း တစားတည်း လစာနှုန်း တတန်းတစားတည်း ဖြစ်အောင်၊ အဆင့်ဆင့်စီစဉ် ရန်ရည်ရွယ်ပါတယ်။

၈။ မူလတန်းကျောင်းများ တည်ရာကျောင်းဆောင်များ အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊ နည်းလမ်း များ ရှာကြံရန်ရည်ရွယ်ပါတယ်။

၉။ မူလတန်းပညာသည် (က)ကျောင်းသားထုအတွက်၊ လူမှုရေးတွင် တိုက်ရိုက် ထောက်ပံ့မှုရစေရန် (ဆိုလိုသည်မှာ မူလတန်းကျောင်းတွင်သင်ကြား လေ့လာရသော ဘာသာရပ်တို့သည်၊ကျောင်းပြင်ပလောက အသက်မွေးဝမ်းကျောင်းမှုကို တိုက်ရိုက် ထောက်ပံ့မှု ဖြစ်စေရန်)ငှင်း၊(ခ)အထက်တန်းပညာကိုဆက်လက် သင်ကြားလိုသော၊ သင်ကြားရန် ပညာပါရမီသန် သော ကျောင်းသားများ အတွက်လည်း တိုက်ရိုက် ထောက်ပံ့မှုဖြစ်စေတို့ စီစဉ်ပေးရန် ရည်ရွယ်ပါတယ်။

(ခ) အလယ်တန်းပညာရေးအဆင့်။

၁။ အလယ်တန်း ပညာဆင့်သည်၊ (က) (Skilled Workers) ကျွမ်းကျင်သော လက်မှုပညာရှင်များ ကျွမ်းကျင်သောစိုက်ပျိုးရေးပညာရှင်များ (Skilled Agriculturists) ဘက်သို့ လမ်းပြောင်း ထိုက် သော ကျောင်းသား ကျောင်းသူ များနှင့်၊ (ခ) (Academic bent) စာပေဘက်တွင် ပါရမီ သန်သော ကျောင်းသားကျောင်းသူများဟူ၍ (သုံး)

နှစ်(သုံး)မိုးတိုင်တိုင်(Cumulative Records)အရည်အချင်းမှတ်တမ်းချုပ်များကို အခြေပြု၍၊ ပညာရေးလမ်းညွှန်(Educational Guidance) နည်းများကိုအသုံးပြုလျက်၊ အကူအညီအကြံဉာဏ်များပေးနိုင်ရန် ရည်ရွယ်ပါတယ်။

၂။ အထက်ပါ ရည်ရွယ် ချက်ကို၊ ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန်၊ စီမံခန့်ခွဲမှု စက်ယန္တရားကိုလည်း ပြုပြင်တိုးချဲ့ပေးရန်ရည်ရွယ်ပါတယ်။

၃။ အထက်ပါရည်မှန်းချက် ထမြောက်အောင်မြင်စေရန် အလယ်တန်း ကျောင်း များ၌ အသက်မွေး ဝမ်းကျောင်း၊ စက်မှုလက်မှု၊ စိုက်ပျိုးရေးပညာများ ကိုင်းညွှတ်သောဘာသာရပ်များကို၊ စာပေဆိုင်ရာဘာသာများနှင့် ယှဉ်တွဲ၍ သင်ကြား ပေးနိုင်ရန် ရည်ရွယ်ပါတယ်။

တိုးတက်မှုလမ်းစဉ်အရ၊ အလယ်တန်း အဆင့်တွင် အောက်ပါအစီအစဉ်များပြုလုပ်ရန် ရည်ရွယ်ပါတယ်။

၄။ ဖွင့်ပြီးကျောင်းများ အတွက်၊ (က) လုံလောက်သော အဆောက်အဦး၊ (ခ)လုံလောက်သော ကျောင်းသုံးပရိဘောဂ၊ (ဂ) လုံလောက်သော ကျောင်းဆရာဦးရေ၊(ဃ)လုံလောက်သော သိပ္ပံပညာသင်ကိရိယာ၊ (င)လုံလောက်သော စာသင်ကိရိယာများပေးနိုင်ရန် ရည်ရွယ်ပါတယ်။

၅။ ဖွင့်ပြီး ဖွင့်လတံ့ သော ကျောင်းများရှိ ဆရာများ၏

ပညာရည် အဆင့်အတန်း မြှင့်တင်ရန်ကိုလဲ စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

၆။ အလယ်တန်းပညာအဆင့်ဆိုသည်မှာ၊ စပ်ကူးမတ်ကူးအဆင့်ဟုသာယူဆပြီး၊ အလယ်တန်းကျောင်းအားလုံးအဆင့်ဆင့် အထက်တန်း ကျောင်းများ ဖြစ်သွားအောင်စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

(ဂ) အထက်တန်းပညာအဆင့်။

၁။ အထက်တန်းပညာအဆင့်တွင် ကျောင်း(၂)မျိုး (၂) စားခွဲခြား၍ဖွင့်ရန်ရည်ရွယ်ပါတယ်။

(က) ပဌမအမျိုးအစားမှာ၊ စက်မှုလက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးရေး အထက်တန်းကျောင်းမျိုးဖြစ်ပါတယ်။

(ခ) ဒုတိယ အမျိုးအစားမှာ၊ စာပေသက်သက်သင်သောကျောင်းမျိုးဖြစ်ပါတယ်။

၂။ ထိုကျောင်းမျိုးကို သက်ဆိုင်ရာလက်မှုစက်မှုထွန်းကားရာဒေသ၊ သက်ဆိုင်ရာစိုက်ပျိုးရေးထွန်းကားရာဒေသများတွင်ဖွင့်လှစ်ပေးရန်ရည်ရွယ်ပါတယ်။ ထိုကျောင်းများကိုမူ ပညာရေးလမ်းညွှန်နည်းများအရဆရာများက အကြံဉာဏ်ပေးချက်ကို၊ နှစ်သက် လက်ခံသော ကျောင်းသူ ကျောင်းသားများအတွက် ဖြစ်ပါတယ်။ မည်သည့် ကျောင်းသား မဆို မိမိတို့ နှစ်သက်ရာ ကျောင်းများသို့ တက်ရောက်နိုင်သော အခွင့်အရေး ရရှိပါမယ်။

၃။ ထိုစိုက်ပျိုးရေးကျောင်းများ၊ စက်မှုလက်မှုပညာသင်ကျောင်းများနှင့် အခြား အသက်မွေး ဝမ်းကျောင်းပညာသင်ကျောင်းများတွင် ကျောင်းလခ လွတ်စေမည့်အပြင်၊ ထောက်ပံ့ကြေးဆုများ၊ ပညာသင်ဦးရေများကိုလည်း ယခုထက်ပိုမိုပေးရန် ရည်ရွယ်ပါတယ်။

၄။ စက်မှု လက်မှု၊ စိုက်ပျိုးရေးနှင့် အသက်မွေး ဝမ်းကျောင်း ပညာသင်ကျောင်းများတွင် သင်ကြားမည့် ဘာသာရပ်များမှာ-

(က) ကျောင်းများတည်ရာ ရပ်ရွာဒေသ၏ ပင်ရင်းကြွယ်ဝမှုကို လူသုံးပစ္စည်းပေါများရေး လူနေထိုင်မှု အဆင့်အတန်း မြင့်တင်ရေးတို့အတွက်အသုံးပြုနိုင်သော ဘာသာရပ်များ။

(ခ) နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်ကို အကျိုးပြုနိုင်သော ဘာသာရပ်များ၊ သင်တန်းများ။

(ဂ) ရပ်ရွာဒေသ၌ထွန်းကားသော အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်စေမည့် ဘာသာရပ်များ ဖြစ်စေရန် စီစဉ်ပေးရန် ရည်ရွယ်ပါတယ်။

၅။ အတက်တန်းကျောင်းပညာသည်၊ တက္ကသိုလ်သို့ဆက်လက် ပညာ သင်ကြား လိုသော ကျောင်းသားများအတွက် အလွန်ခိုင်ခန့်သော အုဋ္ဌမြစ်ကြီးဖြစ်အောင်စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

၆။ အထက်တန်းပညာရည်ကို ယခုထက် တိုးတက်စေရန်ရည်ရွယ်ပါသဖြင့်။

(က) မည်သည့် အ ထက် တန်း ကျောင်းမှာပင် အမှုထမ်းစေကာမူ၊ အထက်တန်းဆရာများ၏ လစာနှုန်းထားကို ၎င်းတို့၏ ပညာရည်သိက္ခာနှင့် လျော်ညီအောင် ပြုပြင်ပေးရန်ရည်ရွယ်ပါတယ်။

(ခ) ၎င်းဆရာ၊ ဆရာမများ၏ ပညာရည် ကိုလည်းတိုးမြှင့်ပေးရန်စီစဉ်မှုပြုလုပ်ပေးမည်။

(ဃ) အခမဲ့ပညာသင်ကြားရေး။

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး အခြေ အနေကိုထောက်ထား၍၊

(၁) အခမဲ့ပညာရေးစနစ်ကို သတ္တမတန်းအပါအဝင်ဖြစ်သော အလယ်တန်းပညာအဆင့်ထိရှင့်ပြုမည်၊ ၎င်းမှတဆင့် အခြေအနေအရ လိုအပ်ပါက တိုးချဲ့သွားရန်ရည်ရွယ်ပါတယ်၊

(၂) အခမဲ့ပညာရေးစနစ်ကိုစက်မှုလက်မှုစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး ကျောင်းများနှင့်သိပ္ပံများတွင်ရှင့်ပြုမည်။

(င) ဘာသာစာရိတ္တသင်ကြားမှု။

ပြည်သူပြည်သားများ၏၊ဘာသာစာရိတ္တသည်၊နိုင်ငံတော်၏ အရေးအကြီး ဆုံးသော မဏ္ဍိုင်ကြီး တခု ဖြစ်နေပါ၍၊ အောက်ပါအစီအစဉ်များကိုပြုလုပ်ပေးမည်။

၁။ ဘာသာစာရိတ္တ သင်ကြားမှုကို၊ ရှေးက သင်ရိုးညွှန်းတမ်းတွင် မတွေ့ရသဖြင့်၊ ယခုသင်ရိုးညွှန်းတန်းတွင်ထည့်ပြီး။ သင့်တင့်သောမာတိကာရေးဆွဲပေးရန်စီစဉ်ပေးမည်။

၂။ ဘာသာစာရိတ္တဘာသာရပ်ကိုကျောင်းများ၌ မှန်မှန်သင်ကြားနိုင်ရန်နှင့် ထိထိရောက်ရောက် သင်ကြားပေးနိုင်ရန်စီစဉ်မှုများပြုလုပ်ပေးမည်။

(စ) ကျောင်းသားများ၏ကာယပညာ။

၁။ ကျောင်းတိုင်းကစားကွင်းရရှိရေးအတွက် အစီအစဉ်များပြုလုပ်ပေးရန်ရည်ရွယ်ပါတယ်။

၂။ ကျောင်းသား/ကျောင်းသူများအတွက်၊ကစား ကရိယာများလုံလုံလောက်လောက်ရရှိစေရန်စီစဉ်ပေးမည်။

(ဆ) ကျောင်းဆရာများ၏အခွင့်အရေး။

၁။ ကျောင်းဆရာများသည်၊ကျောင်းတွင်း၌အစဉ်မပြတ်ရှိနေလျှင်၊ကျောင်း၏စည်းကမ်းပိုမိုကောင်းမွန် နိုင်ပါတယ်။ သင်ကြားပြသမှုမှာလဲ ပိုမိုထိရောက်နိုင်ပါတယ်၊ ဒါကြောင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်သောအခါ၊ ကျောင်းဆရာကြီးနှင့်ကျောင်းဆရာများအတွက်အိမ်များပါ ထည့်သွင်းဆောက်လုပ် နိုင်ရန် ရည်ရွယ် ပါတယ်။ အကယ်၍၊ ဆရာအားလုံးအတွက်မဖြစ်နိုင်ပါက၊ကျောင်းဆရာကြီးနှင့်ကျောင်းစခန်းအပပညာရေးလုပ်ငန်းများ(Extra-curricularactivities) ဆောင်ရွက်ရသော ဆရာများအတွက် အိမ်များဆောက်လုပ်ပေးနိုင်ရန်စီစဉ်ပေးရန် ရည်ရွယ်ပါတယ်။

၂။ ကျောင်းဆရာ၏ သားသမီးများကို၊ ရှေးကအတိုင်းအခွင့်အရေးတရပ်အနေနှင့်ကျောင်းလခမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုရန်စီစဉ်ပေးမည်။

(ဇ) ဆရာအတတ်သင်ပညာ။

၁။ ပညာရည်ချွန်သောပုဂ္ဂိုလ်များ၊ကျောင်းဆရာအလုပ်ကို ခုန်ခုန်မင်မင် လုပ်ချင်အောင်၊ ၎င်းတို့၏ လခနှုန်းထားများကို ယခုထက်ပိုမိုသင့်လျော်အောင်သတ်မှတ်ပေးရန် ရည်ရွယ်ပါတယ်။

၂။ ဆရာအတတ်သင်ပညာအတွက်၊ ထောက်ပံ့ကြေးနှုန်းထားကိုၵင်း၊ဦးရေကိုၵင်း တိုးတက်ပေးရန် စီစဉ်ရန် ရည်ရွယ်ပါတယ်။

၃။ ဆရာအတတ်သင် ပညာအတွက်၊ ထောက်ပံ့ကြေးဦးရေများကို အမြဲတန်း သတ်မှတ်ပေးထားရန် ရည်ရွယ်ပါတယ်။

(ဈ) အလွတ်ပညာသင်ကျောင်းများ။

ယခုအခါ အလွတ်ပညာသင်အထက်တန်းကျောင်း ဦးရေမှာ ၂၇၄ ဖြစ်၍၊ အလယ်တန်းဦးရေမှာ ၂၄၉ ဖြစ်ပါတယ်၊ ကျောင်းသား ဦးရေမှာ၊ အထက်တန်း အလွတ် ပညာသင်ကျောင်း ၂၇၄ ၌ ၃၆,၅၀၃ ယောက်ဖြစ်၍၊ အလယ်တန်းအလွတ် ပညာကျောင်း ၂၄၉ ၌၊ ၇၉,၉၃၄ ဖြစ်ပါတယ်။ အခြေအနေအရ ၎င်းကျောင်းများကို စံနစ်တကျ အားပေးသွားရဦးမည်ဖြစ်ပါတယ်။

(ည) တက္ကသိုလ်ပညာရေး။

၁။ တက္ကသိုလ်ပညာရေးအဆင့်တွင်၊တက္ကသိုလ်ပညာရေးကို ထမြောက်အောင်မြင်စွာ လိုက်စား လေ့လာ နိုင်သော

ကျောင်းသား/ကျောင်းသူများကိုရရှိရေးအတွက်၊ (က)တက္ကသိုလ်ဝင်စာမေးပွဲစံနစ်ကိုပြုပြင်ရန်။ (ခ) ပညာရေး လမ်းညွှန်ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်အောင် စီစဉ်ရန် ရည်ရွယ်ပါတယ်။

၂။ တက္ကသိုလ်သို့ဝင်ခွင့်ပြုပြီး ကျောင်းသား/ကျောင်းသူများဘာသာရပ်ရွေးချယ်ရာတွင်၊လမ်းမှန်ရအောင်၊ပညာရေးလမ်းညွှန်နည်းလမ်းများကိုဆက်လက်အသုံးပြုစေမည်။

၃။ တက္ကသိုလ်အဆင့်တွင် (ProfessionalCourses) လိုက်မည့်ကျောင်းသူ/ကျောင်းသားများအတွက် ၊ (Vocational Guidance) အသက်မွေး ဝမ်းကျောင်း လမ်းညွှန်နည်းကို၊ယခုလက်ရှိစည်းမျဉ်းများအပြင် လိုအပ်သလို ထည့်သွင်း၍အသုံးပြုသွားရန်ရည်ရွယ်ပါတယ်။

၄။ ပညာရည်ထူးချွန်သော ကျောင်းသား/ကျောင်းသူများအတွက်၊ထောက်ပံ့ကြေးဆု၊ပညာသင်ဆုများ၏ဦးရေနှင့်နှုန်းထားများကိုပါတိုးတက်၍ပေးရန်စီစဉ်မည်။

၅။ တက္ကသိုလ်ဆရာများ၏ ပညာရည် တိုးတက်ကောင်းမွန်လာအောင်စီမံကိန်းတရပ်ရေးဆွဲမည်။

၆။ နိုင်ငံခြားမှရင်း၊ မြန်မာနိုင်ငံတော်တက္ကသိုလ်များမှရင်း၊ တက္ကသိုလ်ဘွဲ့ထူးများရရှိသော ပုဂ္ဂိုလ်များ၊ တက္ကသိုလ်တွင် ထိုက်တန်သောအဆင့်မှဝင်ရောက်၍ ဆရာလုပ်လိုအောင်စီစဉ်မှု့တရပ်ရေးဆွဲမည်။

၇။ ယခုတက္ကသိုလ်များမှာ ကြီးထွားလာပါသဖြင့် ဆေးကောလိပ်၊ အင်ဂျင်နီယာ ကောလိပ်၊ ဆရာအတတ်သင်ကောလိပ် ဟူ၍၊ သီးခြားကောလိပ်စနစ်ကို ပြန်လည်ထူထောင်ပေးရန် ရည်ရွယ်ပါတယ်။

(၄) စာမေးပွဲများ။

၁။ ယခုကျင်းပလျက်ရှိသော စာမေးပွဲများ၏ စွမ်းရည် (Validity)မှာ အလွန်ညံ့ဖြင်းနေသဖြင့်အစိုးရစစ်စာမေးပွဲတခုကိုအောင်ပါလျက် နောက်တခုတွင် စာမေးပွဲကျရှုံးကြရသောကြောင့် အမျိုးသားလူငယ်ထုအတွက် အလွန်ဆိုးဝါးသော ဒါဏ်ကြီးတခုဖြစ်နေပါတယ်။ ဒါကြောင့် ယခုကျင်းပလျက်ရှိသော စာမေးပွဲများ၏ စွမ်းရည် (Validity) ကိုပိုမိုကောင်းမွန်တိုးတက်အောင်၊ အခြားနိုင်ငံများကဲ့သို့စာမေးပွဲစံနစ်ကိုပြုပြင်ပြောင်းလဲပေးရန်ရည်ရွယ်ပါတယ်။

၂။ အတန်းတင်စာမေးပွဲများတွင်ရင်း အစိုးရစစ်စာမေးပွဲများတွင်ရင်း ယခု သုံးစွဲလျက် ရှိသော **အရည်အချင်းမှတ်တမ်းချုပ်** ကိုမူတည်၍ အအောင်အရှုံး ဆုံးဖြတ်နိုင်မည့်စံနစ်ကို ရှာကြံတည်ထွင်ရန်စီစဉ်မည်။

၃။ စာပေဘက်ဆိုင်ရာ စာမေးပွဲများတွင် ယခုထက် ပိုမိုကောင်းမွန် လာအောင် (Educational Guidance) ပညာရေးလမ်းညွှန်နည်းကိုယခုထက်ထိရောက်အောင်အသုံးပြုစေရန်ရည်ရွယ်ပါတယ်။

(၅) စက်မှုလက်မှုပညာ၊ စိုက်ပျိုးရေးပညာနှင့် အသက်မွေးဝမ်းကြောင်းပညာ။

၁။ ဖြစ်နိုင်သမျှ စက်မလက်မှုပညာ၊ စိုက်ပျိုးရေးပညာ၊ အခြားအသက်မွေး ဝမ်းကြောင်း ပညာများ ထွန်းကားသော

ပညာရေးဝန်ကြီးဟောင်းဖဆပလအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်
ဦးထွန်းတင်ခဆွးနွေးတင်ပြပါသည်။

ကျန်းမာရေးဝန်ကြီးဟောင်း ဖဆပလအဖွဲ့ချုပ်၏
အလုပ်အမှုဆောင် ဒေါက်တာစိန်ဘန်း ဆွေးနွေးတင်ပြပါသည်၊

နေရာဒေသများတွင် သက်ဆိုင်ရာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများဖွင့်ရန်ရည်ရွယ်ပါတယ်။

၂။ အလုပ်သင်ပညာ (Apprentice Training) မှာ နိုင်ငံတော်၏ အခြေအနေနှင့် ကိုက်ညီပါသဖြင့် ၎င်းတို့အတွက်ထောက်ပံ့ကြေးများပေးရန်ရည်ရွယ်ပါတယ်။

၃။ လက်မှုစက်မှုထွန်းကားရာဒေသများတွင် သက်ဆိုင်ရာ လက်မှုစက်မှုပညာသင် (Trade Schools)များဖွင့်ပေးရန် ရည်ရွယ်ပါတယ်။

၄။ ဒေသရှိစက်မှုလက်မှု၊စိုက်ပျိုးရေးနှင့် အခြား အသက်မွေးဝမ်းကြောင်း အလုပ်များ ဟပ်မိစေရန် ၎င်းဒေသများရှိ အလယ်တန်းကျောင်းများတွင် ထိုဘာသာရပ်များကိုထိရောက်စွာသင်ကြားပေးရန်ရည်ရွယ်ပါတယ်။

၅။ စက်မှုလက်မှု စိုက် ပျိုး ရေး နှင့် အသက်မွေး ဝမ်းကြောင်းပညာများကိုတတ်မြောက်ပြီးသော ကျောင်းသား/ကျောင်းသူများတို့သည် မိမိတို့တတ်မြောက်ခဲ့သော ပညာရပ်များကိုအသုံးချ၍ ကိုယ့်ဒူးကိုယ်ချွန် အသက်မွေးဝမ်းကြောင်းလုပ်ကိုင်စားသောက်ကြဘို့အားပေးရန်စီစဉ်မည်။

၆။ စက်မှုလက်မှုပညာတတ် ကျွမ်းကျင်မှုပညာတတ်များ အလုပ် လက်မဲ့ မဖြစ်စေရန်. အမျိုးသား စီမံကိန်းဌာန စက်မှုလက်မှုဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ စီမံကိန်းတခုထားရှိရန် ရည်ရွယ်ပါတယ်။

(ဃ) ပညာရေးအုပ်ချုပ်မှု။

၁။ ပညာရေးအုပ်ချုပ်မှုပိုမိုကောင်းမွန်အောင်

(က) မူလတန်းပညာအဆင့်တွင် ပညာအုပ်များ ဦးရေပိုမိုခန့်ထားသင့်သည်။

(ခ) အထက်တန်းပညာအတွက် ပညာဝန်များ ဦးရေပိုမိုခန့်ထားရန်သင့်သည်။

၂။ ပညာရေးဝန်ထမ်းဆိုင်ရာ၊ခန့်ထားရေး ရာထူးတိုးမြှင့်ပေးရေးစည်းမျဉ်းများကိုအချိန်အခါနှင့်ညီညွတ်အောင် ပြုပြင်ရေးဆွဲမည်။

(စ) ပြည်ထောင်စုယဉ်ကျေးမှုကဏ္ဍ။

မြန်မာ့ယဉ်ကျေးမှု ပြန်လည်ထွန်းကားအောင်ကြိုးပန်းရာ၌ အောက်ပါအချက်များကို အဓိကထား၍ ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

၁။ မြန်မာ့ ယဉ်ကျေးမှု သုခုမ အနုပညာ ရပ်များကို မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရေးပြန်လည်ဖေါ်ထုတ်ရေးနှင့် ခေတ်နှင့်လျော်ညီစွာအဆင့်အတန်းမြှင့်တင်ပေးရန်။

၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများ၏ယဉ်ကျေးမှု အနုပညာရပ်များကို မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရေး ပြန်လည်ဖေါ်ထုတ်ရေးနှင့် ခေတ်နှင့်လျော်ညီစွာအဆင့်အတန်းမြှင့်တင်ပေးရန်။

၃။ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပြန်လည်ဖေါ်ထုတ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန်။

၄။ နိုင်ငံအချင်းချင်း ချစ်ကြည်ရေးနှင့် သုခုမ အနုပညာရပ်များနှီးနှောဖလှယ်ရေးအတွက်အစီအစဉ်များပြုလုပ်ပေးရန်

၅။ အနုပညာသည်များ၏ လက်ရှိအခက်အခဲများကို ဖြေရှင်းရန် တတ်စွမ်းသမျှအကူအညီပေးရန်။

၆။ ခေတ်မှီတဲ့နိုင်ငံတော်စာကြည့်တိုက်နိုင်ငံတော်ပြတိုက်နိုင်ငံတော် အနုပညာပန်းချီ ခန်းမဆောင်တို့ ပါဝင်တဲ့ ပြည်ထောင်စုယဉ်ကျေးမှုဗိမာန်ကြီးတခုတည်ဆောက်ရန်။

၇။ နိုင်ငံတော်သဘင်ရုံကြီး (National Theatre) တခုတည်ဆောက်ရန်။

ဒီကနေ့ပညာရေးနှင့်ပြည်ထောင်စုယဉ်ကျေးမှုအပိုင်းများကို ဆွေးနွေးတဲ့ နှီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ ပညာရှင်ကြီးများနှင့်သတင်းစာဆရာများတို့မှာတူညီတဲ့ရည်ရွယ်ချက်များရှိတယ်လို့ ကျွန်တော်တထစ်ချယုံကြည်ပါတယ်။ အဲဒီ ရည်ရွယ်ချက်များ ကတော့ဘာတွေလဲဆိုရင်—

(၁) ပြည်ထောင်စု မြန်မာ နိုင်ငံတော်ကို ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ နိုင်ငံတကာက လေးစားကြတဲ့ ပဋ္ဌမတန်းစားနိုင်ငံတနိုင်ငံဖြစ်ရန်။

(၂) ပဋ္ဌမတန်းစား နိုင်ငံဖြစ်ဘို့ ပြည်ထောင်စုသားမှန်သမျှ အရည်အချင်းပြည့်ဝတဲ့ လူတော် လူကောင်းများဖြစ်လာကြရန်။

(၃) အရည်အချင်း ပြည့်ဝတဲ့ လူတော် လူကောင်းများမွေးထုတ်ပေးဘို့ ပဋ္ဌမတန်းစား ပညာရေး

စံနစ်ထားရှိပြီး အစွမ်းကုန် အကောင် အထည်ဖေါ်ရန်ဆိုတဲ့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။

ဒါကြောင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးအခြေအနေ လူမှုရေးအခြေအနေနဲ့ အကိုက်ညီ အဆီလျော်ဆုံးဖြစ်တဲ့ပညာရေးနှင့် ပြည်ထောင်စု ယဉ်ကျေးမှုဒါဒနှင့်လုပ်ငန်းစဉ်များကို သတ်မှတ်အကောင်အထည် ဖေါ်နိုင်ဘို့ အကြံကောင်းဉာဏ်ကောင်းများဖြင့် တညီတညွတ်တည်း ဝိုင်းဝန်းကူညီကြပါလို့ ကျွန်တော် လေးနက်စွာ မေတ္တာရပ်ခံ လိုက်ပါတယ်။ ။

ဖဆပလ အဖွဲ့ချုပ်။

လုပ်ငန်းစဉ်ပြန်လည်သုံးသပ်ရေး

နှီးနှောဖလှယ်ပွဲ

(၁၉၅၉-၅ အောက်တိုဘာလ ၂၄-ရက်)

ဖဆပလအဖွဲ့ချုပ်ဝါဒနှင့်လုပ်ငန်းစဉ်

သဘောထား

လူမှုရေးအခန်း

ကျန်းမာရေးကဏ္ဍ

ဖဆပလအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်ဒေါက်တာစိန်ဘန်း၊

ဆွေးနွေးတင်ပြပါသည်။

ဖဆပလအဖွဲ့ချုပ် ဝါဒနှင့်လုပ်ငန်းစဉ်

သဘောထား

လူမှုရေးအပိုင်း

ကျန်းမာရေးကဏ္ဍ

ယနေ့ကျင်းပတဲ့နှီးနှောဖလှယ်ပွဲမှာ ကျွန်တော်တို့ဆွေးနွေးချမဲ့ကိစ္စကတော့၊ ကျန်းမာရေး အကြောင်းဘဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်ဆယ်မိုးအတွင်း ဖဆပလ အစိုးရ လက်ထက်က၊ ပြည်သူ့ ကျန်းမာရေးနဲ့ ပါတ်သက်ပြီး၊ ကျွန်တော်တို့ဆောင်ရွက်ခဲ့တဲ့အချက်တွေအများဘဲရှိခဲ့ပါတယ် ။ဒီလိုဆောင်ရွက်ခဲ့ရာမှာ၊တဘက်ကတိုးတက်မှုတွေရှိသလို၊ အခြားတဘက်မှာလဲ ချို့ယွင်း ချက်တွေ၊လစ်ဟင်းမှုတွေ အနည်းနဲ့အများဆိုသလို ရှိတန်သလောက် ရှိခဲ့ပါတယ်။

ကျွန်တော် တို့ဟာ ခုအချိန်မှာ ကျွန်တော်တို့ရဲ့ နောက်ကြောင်း လုပ်ငန်းရပ်တွေကို ပြန်လည်သုံးသပ်ပြီး ချို့ယွင်းချက်တွေကို ပြုပြင်ကာ၊ ရှေ့အတွက် လုပ်ငန်းစဉ်သစ်များရေးဆွဲ ချမှတ်သွားဘို့ ရည်ရွယ်ပါတယ်။

ဒီလို ဝေဘန်ပြုပြင်တဲ့ နေရာမှာ ကျွန်တော်တို့ ဖဆပလ အဖွဲ့ကြီးရဲ့ သဘောထားတခုထဲနဲ့ ဆောင်ရွက်ထာထက် အများ ပြည်သူတို့ရဲ့သဘောထားတွေ အကြံဥာဏ် တွေနဲ့ ပါစုပေါင်း ဆောင်ရွက်တာက ပိုမိုအောင်မြင် လိမ့်မယ်လို့ ယုံကြည်တဲ့အတိုင်း ခုလိုပြည်သူ့ကိုယ်စားလည်တော်လူကြီးမင်း

များကိုဘိတ်မန္တကပြုပြီး အကြံဉာဏ်များတောင်းခံရခြင်းဖြစ်ပါတယ်။ ယခုကြွရောက်လာကြတဲ့ကိုယ်စားလှယ်တော် လူကြီးမင်းများကလဲ တိုင်းပြည် အကျိုး လူသတ္တဝါတွေရဲ့ အကျိုးကို ရှေ့ရှုပြီး ဝေဘန်ဆွေးနွေး အကြံဉာဏ်များ ပေးကြလိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။

ယခုအချိန်ကစပြီး ပြည်သူ့ကျန်းမာရေးနဲ့ ပါတ်သက်တဲ့ ကျွန်တော်တို့ ဖဆပလ အဖွဲ့ကြီးရဲ့ ဝါဒနဲ့ သဘောထားကို ဘင်ပြလိုပါတယ်။ ဒီလိုတင်ပြရာမှာ လွန်ခဲ့တဲ့ ဖဆပလအစိုးရ တခေတ်က ဆောင်ရွက်ခဲ့တဲ့ ကျန်းမာရေး လုပ်ငန်းရပ်များကို အကျဉ်းခြုံးဘော်ပြပြီး ကျွန်တော်တို့ရဲ့ အနာဂတ် အတွက် ရည်မှန်းချက် လုပ်ငန်းစဉ်အပိုင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအစီရင်ခံသွားပါမယ်။

အာရောဂျံ-ပရမံ-လာဘံ ဆိုတဲ့ စကားဟာ ရာဇဝင်အစဉ်အဆက်ဆက်ကစပြီး ကျွန်တော်တို့ ဗမာတမျိုးသားလုံးရဲ့ လူမှုရေးဆောင်ပုဒ်ကြီးတရပ် ဖြစ်ခဲ့ပါတယ်။ ဒီအချက်ကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်တို့ပြည်ထောင်စုသားတွေဟာ ကျန်းမာရေးကို ဘယ်အထိ မြတ်နိုးတယ် တန်ဘိုးထားတယ် လေးစားတယ် ဆိုတာထင်ရှားပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံဟာကိုလိုနီလက်အောက်ခံဘဝနဲ့ အနှစ်တရာကျော်နေခဲ့ရတဲ့အတွက် ကျန်းမာရေးဘက်မှာလဲ အခြားတိုးတက်တဲ့နိုင်ငံများနဲ့ စာရင်ရာစုနှစ်တခေတ်လောက်နောက်ကျ ကျန်ရစ်ခဲ့တာတွေ့ရပါတယ်။

တိုးတက်တဲ့နိုင်ငံတွေမှာကြည့်ရင် လူတွေရဲ့ သက်တမ်းဟာ ဖျန်းမျှကြေးအားဖြင့် အနှစ် (၅၀) မှ (၇၀) ကြားမှာရှိပြီး ကျွန်တော်တို့ဗမာနိုင်ငံမှာဆိုရင် လူတွေရဲ့ သက်တမ်းဟာဖျန်းမျှကြေး (၂၇)နှစ်သာရှိပါတယ်။

တဖန် အင်္ဂလန်တို့ အမေရိကန် နိုင်ငံတို့မှာ ကလေး အယောက်(၃၀) မွေးမှ (၁) ယောက်လောက်သာ အသေအပျောက် ရှိပေမဲ့၊ ကျွန်တော်တို့ ဗမာပြည်မှာ ကလေး (၅) ယောက် မွေး တိုင်း (၁) ယောက်လောက် သေကြေပျက်စီးလေ့ရှိပါတယ်။ ကလေးမီးဖွားရာမှာ ဒုက္ခတွေ့ရတဲ့ မိခင်များစာရင်းကိုတွက်ချက်ကြည့်ရင်လဲ ကျွန်တော်တို့နိုင်ငံမှာ အခြားတိုးတက်တဲ့နိုင်ငံများနဲ့ စာရင် (၅) ဆက(၁၀) ဆအထိ ပိုမိုမြင့်မားနေတာတွေ့ရပါတယ်။

ဒီလို အကြောင်းတွေကြောင့်လဲ လွတ်လပ်တဲ့ နိုင်ငံတော်သစ်တည်ဆောက်တဲ့ အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ ခေါင်းဆောင်တွေဟာ ကျန်းမာရေးကို အမျိုးသား ထူထောင်ရေးလုပ်ငန်းတရပ်အနေနဲ့ အထူး ဦးစားပေး ဆောင်ရွက်ဘို့ ဆုံးဖြတ်ခဲ့ကြပါတယ် ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလဲ။

> "ပုဒ်မ-၃၆။ ။ပြည်သူ့နေထိုင်ရေး အဆင့်အတန်းမြှင့်တင်မှုနှင့် ပြည်သူ့ ကျန်းမာရေး ကောင်းမွန် တိုးတက်မှုသည်နိုင်ငံတော်၏ အဓိက တာဝန်ဝတ္တရားတခုဖြစ်ရမည်"ဟူ၍၎င်း။

''ပုဒ်မ ၃၇။ ။(၁) နိုင်ငံတော်သည်အလုပ်သမား တို့၏ခွန်အားနှင့်ကျန်းမာရေးတို့ကို ထိခိုက်ခြင်းမဖြစ် စေရန်၎င်း။ ကလေး သူငယ် နုနယ်သော အရွယ်ကို ထိခိုက်ခြင်းမဖြစ်စေရန်၎င်း၊ ထို့ပြင် ထိုသူတို့သည်မိမိ တို့ ကျား-မ ဘာဝ၊ အသက် ခွန်အားတို့နှင့် မသင့် မလျော်သော အသက်မွေးမှု အလုပ်အကိုင်တို့တွင် စီး ပွားရေးချို့ငဲ့မှုကြောင့်မနေသာဘဲ၊ ဝင်ရောက် လုပ် ကိုင်ရခြင်း မရှိစေရန်၎င်း၊ ယုံကြည် စိတ်ချရအောင် စီမံရမည်။

(၂) နိုင်ငံတော်သည်၊ စီးပွားရေးနှင့် ကလေးစောင့် ရှောက်ရေးအဖွဲ့များ၊ ကလေးဂေဟာများ၊ ကလေး ထိန်း နေ့ဌာနများကိုဖွင့်လှစ်ခြင်းအားဖြင့်၊သားသည် အမေနှင့် ကလေးတို့၏ အကျိုးကို စောင့်ရှောက်ရန်၊ ထို့ပြင် မီးမဖွားမီနှင့် မီးဖွားပြီး ကာလများအတွက် လုပ်ခနှင့်နားခွင့်ရရန် အခွင့်အရေးကို၊ အခစား လုပ် ကိုင်နေသောမိခင်တို့ ရရှိခံစားနိုင်စေရန် ဝါဒထားရှိ ၍၊ ထိုဝါဒအတိုင်း အထူးရှေ့ရှု ဆောင်ရွက်ရမည်'' ဟူ၍၎င်း။

''ပုဒ်မ ၃၈။ နိုင်ငံတော်သည်၊ ကျန်းမာရေး ဝန် ထမ်းအဖွဲ့များ၊ ဆေးရုံများ၊ ဆေးပေးရုံများ၊ အထူး ဆေးရုံများ၊ သူနာပြုရုံများ၊ နလံထဆေးရုံ များနှင့် အခြားကျန်းမာရေးဆေးရုံများကို တည်တောင်ကြီး ကြပ်အုပ်ချုပ်ပေးခြင်း အားဖြင့်၊ ပြည်သူ့ ကျန်းမာ

ရေးကိုကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက် ရမည်'' ဟူ၍၎င်း။

''ပုဒ်မ ၃၉။ ။ပြည်သူ့ ကျန်းမာရေးနှင့် တကွ၊ လုပ်ရည်စွမ်းအားကို တိုးတက်စေရန်၎င်း၊ နိုင်ငံတော် ကာကွယ်ရေးစွမ်းအားကို ပြည့်တင်းစေရန်၎င်း၊ နိုင်ငံ တော်သည် ပြည်သူများ အတွက်၊ အထူးအားဖြင့် လူငယ်များအတွက်၊ ကာယဗလ ပညာသင်ကြားရေး ကို အထူးဂရုပြု၍ဆောင်ရွက်ရမည်'' ဟူ၍၎င်း။

ပြည်သူ့ ကျန်းမာရေးနှင့်ပါတ်သက်ပြီး အတိအလင်းပြဌာန်း ထားပါတယ်။

ကျွန်တော်တို့ လွတ်လပ်တဲ့ အချုပ်အချာ အာဏာပိုင်နိုင်ငံ အဖြစ်ရောက်ရှိလာတဲ့ အခါမှာ၊ အထက်အခြေခံ ဥပဒေပါ ပြဌာန်းချက်တွေအတိုင်း၊ အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ကျန်းမာရေး လုပ်ငန်း တွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီရည်ရွယ်ချက်တွေကတော့-

(၁) ပြည်ထောင်စုသားတိုင်း၊ ကျန်းမာ သန်စွမ်းရေး၊ အားခွန်ဗလပြည့်ဝရေးနှင့် အသက်ရှည်ရေး။
(၂) လူ့အသေအပျောက်နည်းပါးရေး။
(၃) မွေးစကလေးများ အသေအပျောက်နည်းပါးရေး။
(၄) မီးဖွားသောမိခင်များ သေဆုံးမှုနည်းပါးရေး။
(၅) ကူးစက်တတ်သည့် ရောဂါဆိုးများနှင့် အစဉ်အလာ အရ ဖြစ်ပေါ် လာ သော ရော ဂါ ဝေ ဒ နာ များ ပပျောက်ရေးတို့ပင် ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်တွေကို အကောင်အထည်ဖေါ်ရာမှာ (၁) ရောဂါကာကွယ်ရေးအပိုင်းနဲ့ (၂) ရောဂါကုသရေးအပိုင်း ရယ်လို့၊ အပိုင်း (၂)ပိုင်း ခွဲခြားပြီး အောက်ပါ အတိုင်း ပြည်တော်သာစီမံကိန်းများအရ ဆောင်ရွက်ခဲ့ပါတယ်။

ကာကွယ်ရေးအပိုင်း။

(၁) ကျန်းမာရေးအသိပညာဖြန့်ဖြူးရေး။
(၂) အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေး။
(၃) အဟာရဓါတ်ဖြည့်တင်းရေး။
(၄) ပါတ်ဝန်းကျင်သန့်ရှင်းရေး။
(၅) ဇီတာမင်ဆေးပြားများ ဖြန့်ဖြူးရေး။
(၆) မိခင်နှင့် ကလေး သူငယ်၊ ကျောင်းသား လူငယ် စောင့်ရှောက်ရေး။
(၇) ကျောင်းတွင်း ကျန်းမာရေး လုပ်ငန်းများ လုပ်ဆောင်ရေး။
(၈) အောက်ပါ ရောဂါဆိုးကြီး (၄) ရပ်အား တိုက်ဖျက်ရေး၊

(က) ငှက်ဖျားရောဂါ။
(ခ) အဆုပ်ရောဂါ။
(ဂ) ကာလသားရောဂါ။
(ဃ) အနာကြီးရောဂါ။

ကုသရေးအပိုင်း။

(၁) ဆေးရုံများ၊ ဆေးပေးခန်းများ၊ သားဖွားရုံများ တိုးချဲ့ဖွင့်လှစ်ရေး။

(၂) ကျေးလက်ကျန်းမာရေးဌာနများဖွင့်လှစ်ရေး။
(၃) အောက်ပါဆေးဘက်နှင့် ကျန်းမာရေးဘက်ဆိုင်ရာ ဝန်ထမ်းများ အတွက်၊ ကျောင်းများ၊ သင်တန်းများ၊ ဥာဏ်သစ်လောင်းသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး။

(က) ဆရာဝန်များ။
(ခ) သူနာပြု နည်းပြ ဆရာမကြီးများ။
(ဂ) သူနာပြုများ။
(ဃ) ကျန်းမာရေးလက်ထောက်များ။
(င) အမျိုးသမီးကျန်းမာရေးမှူးများ။
(စ) ပြည်သူ့ကျန်းမာရေးသူနာပြုများ။
(ဆ) ဝမ်ဆွဲဆရာမများ။
(ဇ) လက်သယ်များ။
(ဈ) ကျောက်ထိုးဆရာများ။
(ည) ဆေးစပ်သမားများ။
(ဋ) ဓါတ်ခွဲစစ်ဆေးသူများ။
(ဌ) ဓါတ်ခွဲခန်းလက်ထောက်များ။

(၄) ဆေးဝါးနှင့်ဆေးဘက်ပစ္စည်းများထုပ်လုပ်ရေး။
(၅) တိုင်းရင်းဆေးပညာမြှင့်တင်ရေး။
(၆) ဗဟိုဆေးပစ္စည်းသိုလှောင်ရေး။
(၇) ဖွားသေစာရင်းအင်းများပြုစုရေး။

အထက်ပါ စီမံကိန်းများ အတိုင်း၊ နိုင်ငံတော်အစိုးရက ပြည်သူ့ ကျန်းမာရေး လုပ်ငန်းကို၊ ၁၉၅၂-ခုနှစ်မှ စပြီး

အကောင်အထည်ဖေါ်ခဲ့တဲ့အတွက်၊ ခုချိန်မှာ တိုးတက်မှုများ ရတန်သလောက် ရရှိခဲ့တာ တွေ့ရပါတယ်။ ဒါပေမဲ့လဲ၊ ရှေ့အဘိုးဆထက်တန်ဘိုး ပိုမိုအားထုပ်ဂရုပ်ဆောင်စရာတွေအများဘဲ ကျန်ပါသေးတယ်။

ဖဆပလအဖွဲ့ကြီးဟာ၊ ရှေ့အဘိုးကျွန်တော်တို့ရဲ့ ကျန်းမာရေး ရည်မှန်းချက် ပန်းတိုင်ကို ချီတက်ရာမှာ "ဗမာတိုင်း အသက်ရှည်ရမယ်၊ ကျန်းမာသန်စွမ်းရမယ်" ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး၊ အောက်ပါ အစီအစဉ်အတိုင်း၊ ဆက်လက်ဆောင်ရွက်သွားဘို့ရည်ရွယ်ပါတယ်။

(၁) ရောဂါကာကွယ်ရေး။
(၂) ရောဂါကုသရေး။
(၃) ဆေးပညာမြှင့်တင်ရေး။
(၄) ဆေးဘက်နှင့်ကျန်းမာရေးဘက် ရာထမ်းမှုထမ်းများ အရေး။

ရောဂါကာကွယ်ရေး။

လက်ရှိဗမာနိုင်ငံသားများရဲ့ ဖျန်းမျှကြေး သက်တမ်းဟာ (၂၇) နှစ်မျှသာရှိတဲ့အတွက်၊ အခြားတိုးတက်တဲ့နိုင်ငံ အသီးသီးမှ အမျိုးသားများရဲ့ သက်တမ်းနဲ့စာရင်၊ မနှိုင်းယှဉ်သာအောင် နိမ့်ကျနေတာ တွေ့ရပါတယ်။ ဒီလို လူချင်းတူတူ၊ သူချင်းမျှမျှ၊ သက်တမ်းစေ့အောင်မနေရတဲ့ဘဝကို၊ အစွမ်းကုန်တော်လှန်ပြောင်းလဲပြီး၊ ပြည်ထောင်စု သားတိုင်း သက်တမ်း (၆၀) အောက်ထစ် နေရတဲ့ အခြေ ရောက်အောင်၊ အောက်ပါအတိုင်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါတယ်၊

၁။ ကျန်းမာရေး ပညာ ဖြန့်ဖြူးရေး။ ။ဗမာပြည်ရဲ့ လူဦးရေ (၈၅) ရာခိုင်နှုန်းဟာ တောနေလူထုဖြစ်တဲ့အတိုင်း၊ အကြား အမြင် ဗဟုသုတ နည်းပါးတဲ့အတွက်၊ ကျန်းမာရေးအသိပညာနဲ့ အလေ့အထကို လိုက်စားသူ အလွန်ဘဲ ရှားပါးပါတယ်။ နိုင်ငံတော်အစိုးရက၊ ဒီချို့ယွင်းချက်ကို အထူးဦးစားပေးပြုပြင်ခဲ့သော်လဲ၊ ယခုအထိ ကြေနပ်လောက်အောင် တိုးတက်မှုများ မတွေ့ရ သေးပါ။ သို့အတွက် ရှေ့အဘို့ ကျန်းမာရေးမှူးများမှ တဆင့်၎င်း၊ ရုပ်ပြဗဟုသုတနည်းများ ဖြင့်၎င်း၊ ကျန်းမာရေး ပညာကို၊ လူထုတွင်းမှာ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရန်ရည်ရွယ်ပါတယ်။

၂။ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ရေး။ ကျန်းမာရေးပညာဖြန့်ဖြူးရန်နဲ့ ကျေးရွာများမှာ ကျရောက်လေ့ရှိတဲ့ ရောဂါဝေဒနာများကို ကာကွယ်ဘို့အတွက် ကျန်းမာရေးလက်ထောက်(၁)ဦး၊ အမျိုးသမီးကျန်းမာရေးမှူး(၁)ဦး၊ ကျောက်ထိုးဆရာ (၁)ဦး၊ ဝမ်းဆွဲဆရာမ(၅)ဦးကျစီပါဝင်တဲ့ ကျေးလက်ကျန်းမာရေးဌာနများကို၊ သူကြီးပိုင် ကျေးရွာ (၁၅)ရွာလျှင် တဌာနကျနှင့် တပြည်လုံးတွင်(၁၀)နှစ်အတွင်း အပြည့်အစုံဖွင့်လှစ်နိုင်ရန်ရည်ရွယ်ပါတယ်။

၃။ မိခင်နှင့် ကလေးများ စောင့်ရှောက်ရေး။ ။ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သားသည်အမေများနဲ့၊ မွေးစကလေးငယ်များကို စနစ်တကျ ခေတ်မှီနည်း

များဖြင့် စောင့်ရှောက်ရန်အတွက်၊အမျိုးသမီး ကျန်း
မာရေးမှူး (၁) ဦးနဲ့၊ ဝမ်းဆွဲဆရာမ (၂) ဦးကျင်
ပါဝင်တဲ့၊ မိခင်နဲ့ကလေးများ စောင့်ရှောက်ရေး
ဌာနများကို မြို့တိုင်းမှာ ဖွင့်လှစ်သွားရန် ရည်ရွယ်
ပါတယ်။

ထိုအပြင်၊သူကြီးပိုင်ကျေးရွာတိုင်းမှာ တရွာလျှေ
တယောက်ကျ လက်မှတ်ရ ဝမ်းဆွဲလက်သယ်များကို
(၁၀) နှစ်အတွင်း အပြည့်အစုံထားရှိပေးခြင်းဖြင့်
လက်သယ်မရှိ၍ သေရသောအဖြစ်ဆိုးမျိုးနှင့် မကြုံ
တော့အောင် ဆောင်ရွက်သွားရန်ရည်ရွယ်ပါတယ်၊

၄။ ကျောင်းတွင်း ကျန်းမာရေးလုပ်ငန်း။ ။နိုင်ငံတော်
အတွင်းစာသင်ကျောင်းဦးရေနဲ့ ကျောင်းသားဦးရေ
တိုးတက် ပေါများ လာတာနဲ့ အမျှ၊ ကျောင်းတွင်း
ကျန်းမာရေး လုပ်ငန်းများလဲ၊ မနိုင်မနင်း ရှိခဲ့ရပါ
တယ်။ဒီချို့ယွင်းချက်ကိုပြုပြင်ပြီး၊ ရှေ့အဘို့ကျောင်း
သူကျောင်းသားတိုင်းရဲ့ ကျန်းမာရေးကို ဂရုတစိုက်
ကာကွယ် စောင့်ရှောက်နိုင်အောင်နဲ့၊ ကျန်းမာရေး
ပညာကို၊ကျောင်းတိုင်းမှာ သင်ကြားပို့ချနိုင်အောင်
စီစဉ်ဘို့ ရည်ရွယ်ပါတယ်။

၅။ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေး။ ။ပြည်ထောင်စု
သားတိုင်းရဲ့ကိုယ်လက်ကြံ့ခိုင်မှုနဲ့ စိတ်လက်ပျော်ရွှင်
မှုကိုအားပေးအားမြှောက်ပြုရန်အတွက်၊ အမျိုးသား
ကိုယ်လက်ကြံ့ခိုင်ရေး လုပ်ငန်းကို မြို့ကြီးများမှအစ

ကျေးရွာများအထိကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်
ရည်ရွယ်ပါတယ်။ ကိုယ်လက် လှုပ်ရှားမှုများ၊ အိမ်
တွင်းအားကစားလုပ်ငန်းများ အတွက်၊ ကစားကွင်း
များ၊ အားကစားရုံများ ရေကူးကန်များကို မြို့ကြီး
များမှာ ဖွင့်လှစ်ပေးမည့်ပြင်၊ ကမ္ဘာ့အဆင့်အတန်း
မှီ အားကစားမောင်မယ်များလဲ ပေါ်ပေါက်အောင်
လေ့ကျင့်ပေးရန်ရည်ရွယ်ပါတယ်။

ခေတ်မှီ ကစားခုံစားမှုများကို၊ စာသင်ကျောင်း
များနဲ့တကွ ကျေးရွာများ အထိ ပြန့်ပွားအောင်
ဆောင်ရွက်မည့်အပြင်၊လိုအပ်တဲ့ အားကစားပစ္စည်း
များလဲ ကျေးရွာအထိ ဖြန့်ချီရန်ရည်ရွယ်ပါတယ်။

၆။ ကူးစက်တတ်သော ရောဂါဆိုးများ ကာကွယ်တိုက်
ဖျက်ရေး။ ။ငှက်ဖျား ရောဂါ၊ အဆုပ် ရောဂါ၊
ကာလသားရောဂါ၊ အနာကြီးရောဂါများနဲ့တကွ၊
ကျောက်ကြီး ရောဂါ၊ ပုလိပ်ရောဂါ၊ ဝမ်းရောဂါ
စသည်တို့ကိုထိရောက်စွာ ကာကွယ်တိုက်ဖျက်သွားပါ
မယ်၊ငှက်ဖျားရောဂါနဲ့ ကျောက်ကြီးရောဂါ တို့ကို၊
အချို့ တိုင်းပြည်များမှာ လုံးဝ ပပျောက်အောင်
ဆောင်ရွက်နိုင်တဲ့ သာဓကများရှိတဲ့အလျောက်၊ ထို
ရောဂါ (၂) ရပ်လုံးကိုလဲ အပြီးတိုင် နှိပ်ကွပ်ပစ်ရန်
ရည်ရွယ်ပါတယ်။

ရောဂါကုသရေးအပိုင်း။

ခေတ်မှီ ဆေးဝါးကုသမှုကို၊ မြို့နေ လူတန်းစားရဲ့ အခွင့်
အရေး သဘောမျိုး သက်သက်သာလျှင် မဖြစ်စေဘဲ၊ တော

လက်ကျေးရွာများမှာ မှီတင်းနေထိုင်တဲ့ပြည်သူလူထု လူများစုက လက်တွေ့ ခံစားနိုင်တဲ့ အခြေရောက်အောင် စီစဉ်ပေးဘို့ ရည်ရွယ်ပါတယ်။

ထို့ပြင်၊ ဆရာဝန်များထားရှိတဲ့ဝါဒအတိုင်း၊ ဆေးရုံများမှာ တက်ရောက်ကုသနေတဲ့ လူနာများရဲ့ သက်သာချောင်ချိမှုနဲ့ စိတ်လက်ပျော်ရွှင်မှုကိုလဲ အဓိကဦးစားပေး ဆောင်ရွက်ဘို့ ရည်ရွယ်ပါတယ်။

ခေတ်မှီဆေးပညာရဲ့ အကျိုး ကျေးဇူးကို ပြည်သူ လူထု တရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် ခံစား နိုင်အောင် အောက်ပါ အတိုင်းဆောင်ရွက်ဘို့ကြံရွယ်ပါတယ်။

(၁) ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ရေး။ ။(က) ရန်ကုန်မြို့တွင် လက်ရှိဆေးရုံကြီးကို ဗဟိုဆေးရုံကြီးအဖြစ်ထားရှိပြီးလျှင်၊ ကျန်လူနေများတဲ့ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ ပုဇွန်တောင်၊ တာမွေ၊ ဒလ၊ ခနောင်တိုစတဲ့ရပ်ကွက်တွေမှာ ကုတင်(၁၀၀)ဆန့် ဆေးရုံများ ခွဲခြားဆောက်လုပ်ဖွင့်လှစ်ဘို့ ရည်ရွယ်ပါတယ်။

(ခ) အရေးကြီးတဲ့ မြို့ကြီးတွေမှာ၊ကုတင်(၂၀၀) ဆန့် ဆေးရုံတွေ ဆောက်လုပ် ဖွင့်လှစ်ပေးဘို့ ရည်ရွယ်ပါတယ်။

(ဂ) မြို့ပိုင်ရုံးစိုက်တဲ့ မြို့တ်ိုင်းမှာ ဆေးရုံနဲ့ သားဖွားရုံများဖွင့်လှစ်ဘို့ရည်ရွယ်ပါတယ်။

(ဃ) အချက်အချာကျတဲ့ မြို့ငယ်ကလေးများမှာ ဆေးပေးခန်းများဖွင့်လှစ်ပေးရန် ရည်ရွယ်ပါတယ်။

(င) ရောဂါကာကွယ်ရေးလုပ်ငန်းနဲ့အတူ၊ ကုသရေးလုပ်ငန်းကို တွဲဘက်ဆောင်ရွက်နိုင်ဘို့၊ သူကြီးပိုင် ကျေးရွာ [၁၅]ရွာလျှင်၊ ကျေးလက်ကျန်းမာရေးဌာနတခုကျ ဖွင့်လှစ်ရန်ရည်ရွယ်ပါတယ်။

(၂) ဆရာဝန်များရရှိရေး။ ။ယခု အချိန်တွင် အချို့သောဆေးရုံတို့ဟာ ဆရာဝန်မရှိဘဲ ဆေးစပ်သမားများနဲ့ လွှဲထားရတဲ့ အခြေမှာရှိပါတယ်။ ရှေ့အဘို့တွင်၊ ဆေးရုံတိုင်းမှာ ဆရာဝန်ရှိအောင်စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

(၃) ဆေးရုံ အဆောက်အဦများ ဆောက်လုပ်ရေး။ ။အဆောက်အဦမရှိသေးတဲ့ဆေးရုံများနဲ့ အဆောက်အဦဟောင်းနွမ်းနေတဲ့ ဆေးရုံများအတွက် နှစ်အပိုင်းအခြားနဲ့၊ ဦးစားပေးအစီအစဉ်အရ၊ အဆင့်အတန်းအလိုက် ကုတင် (၂၅) ဆန့် အဆောက်အဦများ၊ ကုတင်(၅၀)ဆန့် အဆောက်အဦများ ကုတင် (၇၅) ဆန့် အဆောက်အဦများ၊ ကုတင် (၂၀၀) ဆန့်အဆောက်အဦများဆောက်လုပ်ပေးဘို့ရည်ရွယ်ပါတယ်။

(၄) ဆေးကု ယာဉ်များ ထား ရှိ ရေး။ ။တောလက်ကျေးရွာများမှာ နေထိုင်ကြတဲ့၊ တောင်သူ လယ်

သမား လူများစုဟာ၊ ကျန်းမာရေးမှုးတွေရဲ့ ပြုစုစောင့်ရှောက်မှုအပြင်၊ ဆရာဝန်များရဲ့ ကုသမှုကို ပါ ခံစားနိုင်အောင်၊ဆရာဝန်များကိုယ်တိုင်ဦးစီးတဲ့ ဆေးကုယာဉ်များ(Mobile Clinic Vans)ကို ဆေးရုံရှိတဲ့ မြို့များမှာ အခြေစိုက်ထားရှိပြီး၊ ပါတ်ဝန်းကျင် ကျေးရွာ အနှံ့အပြား သွားရောက်ကုသပေးရန်ရည်ရွယ်ပါတယ်။

(၅) ဆေးရုံလူနာများ စောင့်ရှောက်ရေး။ ။ဆေးရုံ၌ တက်ရောက် ကုသနေတဲ့ လူနာများရဲ့ သက်သာချောင်ချိမှုနဲ့ စိတ် ရွှင်လန်းမှုအတွက် (Medical Social Work)ခေါ်၊လူနာစောင့်ရှောက်ရေးလုပ်ငန်းများဟာအထူးလိုအပ်တဲ့အတွက်၊ ဒီလုပ်ငန်းကို ပြည်သူလူထုရဲ့ အကူအညီ၊ စေတနာ့ ဝန်ထမ်း အသင်းအဖွဲ့များရဲ့ အကူအညီနဲ့ ဖွင့်လှစ်ဆောင်ရွက်ရန် ရည်ရွယ်ပါတယ်။

(၆) သီးသန့်သံဃဆေးခန်းဖွင့်လှစ်ရေး။ ။ဆေးရုံကြီးများမှာ တက်ရောက် ကုသနေတဲ့ ဂိလာနရဟန်းသံဃာတော်များ အတွက်၊ ဝိနည်းတော်နဲ့ အညီ နေထိုင်ကုသနိုင်ဖို့၊ သီးသန့် ခေတ်မှီ ဆေးခန်းများ ဖွင့်လှစ်ထားရှိဖို့ ရည်ရွယ်ပါတယ်။

(၇) ကလေးဆေးရုံများ ဖွင့်လှစ်ရေး။ ။ယခုနိုင်ငံမှာ ယခု အချိန်အထိ ကလေးများ အတွက် သီးခြားဆေးရုံများ မရှိသေးတဲ့ အတွက်၊ ကလေးများရဲ့

ကျန်းမာရေး၊ ပညာရေး၊ စိတ်လက်ပျော် ရွှင်ရေးတို့ကို တွဲဘက် ဆောင်ရွက်ပေးမဲ့၊ ကလေးဆေးရုံများ၊ ရန်ကုန်မြို့မှ စ တင် ဖွင့် လှစ် ဘို့ ရည်ရွယ်ပါတယ်။

(၈) လူကြီးရောဂါများ ကုသရေး။ ။အသက် အရွယ် အိုမင်းမစွမ်းရှိသူ လူအိုများတွင် ဖြစ်တတ်သော လူကြီးရောဂါများကို ကုစားနိုင်ရန် အတွက်လည်း လိုအပ်သလို စီမံဆောင်ရွက်ရန် ရည်ရွယ်ပါတယ်။

(၉) စိတ္တဇ ဆေးရုံ တိုးချဲ့ရေး။ ။စိတ္တဇရောဂါများကို ပိုမိုထိရောက်စွာ ကုသနိုင်ရန်အတွက်၊ လက်ရှိစိတ္တဇ ဆေးရုံကိုရောဂါ အလိုက် ထူးချွန်သူဆရာဝန်ကြီးများ၊ခေတ်မှီဆေးဝါးပစ္စည်း ကိရိယာများဖြင့် တိုးချဲ့ဖွင့်လှစ်ရန် ရည်ရွယ်ပါတယ်။

(၁၀) သွားရောဂါကုသရေး။ ။ခေတ်မှီ နိုင်ငံ တိုင်းမှာ သွားရောဂါများကုသတဲ့ သီးသန့်ဆေးရုံများ၊သွားရောဂါကု သင်တန်းကျောင်းများ၊ သိပ္ပံများ ရှိပါတယ်။ ယခုကျွန်တော်တို့ နိုင်ငံမှာလဲ၊သွားရောဂါကု ဆေးရုံတခုနဲ့၊ သွားရောဂါကု ဆေးကျောင်းတကျောင်း အထူးလိုအပ်နေတဲ့အတွက်၊ ရန်ကုန်မြို့တွင်၊ သွားရောဂါကု ဆေးရုံတရုံနှင့်ဆေးကျောင်းတကျောင်းကို၊ ကျွမ်း ကျင် သူ ဆရာဝန်ကြီးများ ခေတ်မှီပစ္စည်းကိရိယာများဖြင့် ဖွင့်လှစ်ရန်ရည်ရွယ်ပါတယ်။

(၁၁) ထူးချွန်သူဆရာဝန်ကြီးများ၏ ကုသမှု။ ။ (Specialist Service)ခေါ်၊ရောဂါအလိုက်ထူးသူချွန်ဆရာဝန်ကြီးများ၏ကုသမှုကို၊ တိုင်းပြည်ကကျယ်ကျယ်ပြန့်ပြန့်ခံစားနိုင်ရန်အတွက်တိုင်းဆေးရုံများသို့၊အဆိုပါဆရာဝန်ကြီးများအဖွဲ့တို့ကအလှည့်ကျသွားရောက်ကုသနိုင်အောင်၊ သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့်တိုင်ပင်စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

ဆေးပညာမြှင့်တင်ရေး။

(၁) တိုင်းရင်း ဆေးပညာ မြှင့်တင်ရေး။ ။တိုင်း ရင်း ဆေးပညာ မြှင့်တင်ရေး အတွက်၊ တိုင်းရင်းဆေးဆရာများ မှတ်ပုံတင် လုပ်ငန်းမှာ အတော်ပင်ခရီးရောက်လျှက်ရှိသည့်ပြင်၊ ဆေးကောင်စီ အကောင်အထည် ဖေါ်ရေးအတွက်လည်း ရွေးကောက်ပွဲများကျင်းပလျှက် ရှိပါပြီ။ သို့အတွက်၊ ရှေ့အဘို့တွင်၊ တိုင်းရင်းဆေးပညာ သုခမိန်အဖွဲ့ကြီးတရပ် ဖွဲ့စည်းပြီးလျှင်၊ တိကျသော သင်ရိုး သင်တမ်း များဖြင့် သင်တန်း ကျောင်းများ ဖွင့်လှစ်ရန် ရည်ရွယ် ပါသည်။ လောလောဆယ် အဘို့၊ ရန်ကုန်သို့မဟုတ် မန္တလေး တမြို့မြို့တွင်၊ ရှေ့ပြေးသင်တန်းကျောင်းတကျောင်း ဖွင့်လှစ်ကာ၊အရည်အချင်းပြည့်မီသော တိုင်းရင်းဆေးဆရာများပေါ်ထွက်လာရေးအတွက် စီစဉ်ရန်ရည်ရွယ်ပါတယ်။

(၂) ဆေးပညာ သုတေသနဌာန ဖွင့်လှစ်ရေး။ ။တိုင်း

ရင်းဆေးပညာ၊ခေတ်မှီ သိပ္ပံဆေးပညာတို့နှင့် ပတ်သက်၍ဂုင်း၊နိုင်ငံတော် အတွင်း ဖြစ်ပေါ်လေ့ရှိတဲ့ ရောဂါဝေဒနာတို့နဲ့ ပါတ်သက်၍ဂုင်း၊စူးစမ်း လေ့လာ၊ သုတေသနပြုနိုင်ရန်အတွက်၊ ခေတ်မှီပစ္စည်းကိရိယာများနှင့် ပြည့်စုံသော ဆေးပညာ သုတေသန ဌာနကြီးတခုကို၊ ကျွမ်းကျင်သူ ပါရဂူများ၏ အကူအညီဖြင့် ဖွင့်လှစ်ရန်ရည်ရွယ်ပါတယ်။

(၃) ဆေးဝါးစံချိန် စစ်ဆေးရေး။ ။ပြည်တွင်းမှထုတ်လုပ်သော ဆေးဝါးများ၊ ပြည်ပမှ တင်သွင်းသော ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ စံချိန်မှီမမှီ စမ်းသပ်စစ်ဆေးရန် အတွက်၊ ဆေးဝါးစံချိန်စစ်ဆေးသောဌာနတခု ဖွင့်လှစ်ရန် ရည်ရွယ်ပါတယ်။

(၄) ဓာတုဆေးထုတ်လုပ်ရေး။ ။ယခုအခါ၊ တိုင်းရင်းဆေးဝါး ဖေါ်စပ်ရေးတွင် အသုံးပြုသော ဓာတုဆေးများကိုနိုင်ငံခြားမှ မှာယူတင်သွင်းနေရတဲ့ အတွက်၊ အခက်အခဲအမျိုးမျိုးနဲ့ တွေ့ရတဲ့အပြင်၊နိုင်ငံခြားငွေရှိပေါက်တခုလဲဖြစ်နေပါတယ်။ ဒီအခက်အခဲကို ဖြေရှင်းရန် အတွက်၊နိုင်ငံတော် အစိုးရက [Pharmacdegist] ခေါ်၊ ထူးချွန်သောဆရာဝန်များ၊ ရက္ခဗေဒပညာရှင်များ၊ စိုက်ပျိုးရေးဌာနတာဝန်ခံများ သစ်တောရေး ဌာနတာဝန်ခံများနှင့် ညှိနှိုင်းပြီး၊ ဓာတု ဆေးပင်များ စိုက်ပျိုးရေး အတွက်၊ ပြည်တွင်း ဓာတုဆေးထုတ်လုပ်ရေး လုပ်

ငန်းကို ဇောက်ချဆောင်ရွက်ရန် ရည်ရွယ်ပါတယ်။

(၅) နိုင်ငံတော်အတွင်းခေတ်မှီ ဆေးဝါးပစ္စည်းများနှင့် ကျန်းမာရေးဆိုင်ရာ ကရိယာတံဆာပလာများ လုံလောက်စွာရရှိရေးအတွက် စီစဉ်ပေးရန်ရည်ရွယ်ပါတယ်။

ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ၊ ရာထမ်းမှုထမ်းများအရေး

(၁) ရောဂါ အလိုက် ထူးချွန်သူ ဆရာဝန်ကြီးများ။ ။ (Specialists) ခေါ်၊ ရောဂါ အလိုက် ထူးချွန်သူ ဆရာဝန်ကြီးများအား၊ ၎င်းတို့၏အဆင့် အတန်းများကို သတ်မှတ်ပြီးလျှင်၊ ၎င်းတို့နှင့်ထိုက်တန်တဲ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ရန် ရည်ရွယ်ပါတယ်။

(၂) အလုပ်သင်ဆရာဝန်များ။ ။(House Surgeons)ခေါ်၊ အလုပ်သင်ဆရာဝန်တိုင်းကို ဆေးရုံကြီးတွင်အလုပ်သင်နေသည့်အချိန်အတွင်း ထောက်ပံ့ကြေး အားလုံးအညီအမျှ ပေးမည့်ပြင် အစိုးရအလုပ်ကို တဆက်တည်း ဝင်ရောက်ထမ်းရွက်ပါက ၎င်းတို့ အလုပ်သင်နေသည့်ကာလကိုပါအစိုးရအမှုထမ်းသက်အဖြစ် ထည့်သွင်းအသိအမှတ်ပြုရန် ရည်ရွယ်ပါတယ်။

(၃) ကျန်းမာရေးဆရာဝန်များ။ ။ယခုအခါကျန်းမာရေးဘက်တွင်ထမ်းရွက်နေသော ဆရာဝန်များဟာ ဆေးကုသရေးဘက်မှာ ထမ်းရွက်နေတဲ့ ဆရာဝန်

များလို အခွင့်အရေး မရကြတဲ့ အတွက် ကျန်းမာရေး ဌာန ဘက်ကိုကူးပြောင်းလိုသူ အတော် နည်းပါးနေတာ တွေ့ရပါတယ်။ဒါကြောင့် ဒီအခက်အခဲမျိုးပပျောက်ပြီးကျန်းမာရေးဘက်ကို ဆရာဝန်တွေစိတ်ဝင်စားလာအောင် ကျန်းမာရေးဘက်မှာထမ်းရွက်နေတဲ့ ဆရာဝန်များရဲ့ အခွင့်အရေးတွေကိုမြှင့်တင်ပေးဘို့ ရည်ရွယ်ပါတယ်။

(၄) သူနာပြု ဆရာမများ။ ။သင် တန်း တက် နေဆဲသူနာပြု ဆရာမများရဲ့ ထောက်ပံ့ကြေးဟာ အလွန်ပင်နည်းပါးနေတဲ့အတွက်၎င်းတို့ရဲ့ ထောက်ပံ့ကြေးကိုပြန်လည် စဉ်းစားပေးရန် ရည်ရွယ်ပါတယ်။ ထို့ပြင် သူနာပြုဆရာမများနဲ့ ပါတ်သက်တဲ့ စည်းမျဉ်းများကိုလဲ လိုအပ်လျှင်ပြန်လည်စဉ်းစားပြင်ဆင်ရန် ရည်ရွယ်ပါတယ်။ အထူးသဖြင့် သင်တန်းတက်နေတဲ့ အချိန်ကို ချန်လှန်ပြီးသင်တန်းပြီးဆုံးတဲ့နောက် သူနာပြု ဆရာမများ အိမ်ထောင်မပြုရ ဆိုတဲ့ စည်းကမ်းချက်ကို ပြန်လည်စဉ်းစားပြုပြင်ရန် ရည်ရွယ်ပါတယ်။

(၅) အရပ်လက်သယ်များ။ ။မြို့ထဲ ရွာထဲတွင် ရှိသောလက်မှတ်မဲ့အရပ် လက်သယ်များကို သင်တန်းများတက်ရောက်စေ၍ ၎င်းတို့အားသင်တန်းပြီးဆုံးသည့်အခါတွင် ခေတ်မှီ ဝမ်းဆွဲပစ္စည်း ကိရိယာများနှင့်တကွ လက်သယ် လက်မှတ်များပါ ချီးမြှင့်ပြီးလျှင်

အရပ်၌ လက်မှတ်ရ လက်သယ်အဖြစ် အသက်မွေး ဝမ်းကျောင်း ပြုနိုင်ရန်စီစဉ်ဘို့ ရည်ရွယ်ပါတယ်။

(၆) အခြား ရာထမ်း မှုထမ်းများ။ ။ဆေး ဘက် နှင့် ကျန်းမာရေးဘက် ရာထမ်း မှုထမ်းများ၏ အရည် အချင်း ပြည့်ဝရေး အခွင့်အလမ်း တိုးတက်ရေးတို့ အတွက် လိုအပ်သလို စဉ်းစားဆောင်ရွက်ရန် ရည် ရွယ်ပါတယ်။

လူကြီးမင်းများ ခင်ဗျား၊ ဖဆပလအဖွဲ့ကြီးအနေနဲ့ ရှေ့ လုပ်ငန်းစဉ် သပ်မှတ်ရာမှာ ကျန်းမာရေးနဲ့ ပါတ်သက်ပြီး အ ထက်ပါအချက်အလက်များအတိုင်း စီမံဆောင်ရွက်သွားဘို့ ရည်ရွယ်ပါတယ်။ ဒီလုပ်ငန်းစဉ်များအပြင် လက်ရှိအစိုးရရဲ့ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလဲ ကောင်းသည်ထက် ကောင်း အောင်ပြည့်စုံသည်ထက်ပြည့်စုံအောင်ပြုပြင်မွမ်းမံပြီးဆောင် ရွက် သွားမည် ဖြစ်ပါတယ်။ ဒီလိုအဘက်ဘက်က ဆောင်ရွက် သွားမှကျွန်တော်တို့ရည်မှန်းတဲ့ကျန်းမာရေးပန်းတိုင်ကိုအချိန် တိုတိုနဲ့ တက်လှမ်းနိုင်ပါလိမ့်မယ်။

လူကြီးမင်းများ ခင်ဗျား ဒီကနေ့ ကျွန်တော် တင်ပြစရာ ရှိတဲ့ ဖဆပလအဖွဲ့ကြီးရဲ့ ပြည်သူ့ကျန်းမာရေးဝါဒ သဘော ထားကို ဒီမျှနဲ့ နိဂုံးချုပ်လိုပါတယ်။ ယခု ကြွရောက်လာတဲ့ ကိုယ်စားလည်တော်လူကြီးမင်းအပေါင်းက ပြည်သူ့ကျန်းမာ ရေးလုပ်ငန်းနဲ့ ပါတ်သက်ပြီး လွတ်လပ်စွာ ဆက်လက် ဆွေး နွေး အကြံဉာဏ်များပေးကြပါဆိုတာ ကျွန်တော်လေးစားစွာ မေတ္တာရပ်ပါတယ်ခင်ဗျား။